
















# ခရစ်တော်၏ သာသနာ့အကျိုးဆောင်အဖွဲ့၏ STAFF CONFERENCE

## ( JULY 1-4,2025)

**“ အသင့်အတင့် ပေါင်းဖော်ခြင်းအဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်း စိတ်သဘောမခြားမနား တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။” (ဧဖက် ၄း၃)**

ယခုနှစ် ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့၏ဆောင်ပုဒ်မှာ “Growing together and working together ”ဖြစ်ပါသည်။ ခရစ်တော်သာသနာ့အကျိုးဆောင်အဖွဲ့ အမှုတော်ဆောင်များသည် ကျောင်းသားသာသနာလုပ်ငန်း၊ အသင်းတော်ဆပွားတိုးအမှုတော်လုပ်ငန်း၊ လုပ်ငန်းရှင်များအကြား သာသာနာလုပ်ငန်း၊ ဒီဂျစ်တယ်သာသနာလုပ်ငန်း၊ ဆုတောင်းခြင်းအမှုတော်လုပ်ငန်းဟူ၍ သာသနာလုပ်ငန်းအသီးသီး၌ ဆက်ကပ်အစေခံနေကြပါသည်။ မတူညီသော အမှုတော်လုပ်ငန်းများ၌၊ မတူညီသောဆုကျေးဇူးဖြင့် ဆက်ကပ်နေကြသော်လည်း အဓိကရူပါရုံမှာ ကြီးမြတ်သောစေခိုင်းမှုကြီး ကျွန်ုပ်တို့မျိုးဆက်၌ ပြီးပြည့်စုံစေရန်အတွက် ရူပါရုံတူညီပြီး၊ လက်တွဲလုပ်ဆောင်လိုသူများနှင့်အတူ ဝေံဂေလိနှင့် တပည့်တော်ဖြစ်စေခြင်းကို တစိုက်မတ်မတ် လုပ်ဆောင်နေကြပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရာ၌ အချင်းချင်း စိတ်သဘောမခြားနား၊ တစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ပြန်လည်အားဖြည့်သည့်အနေဖြင့် Staff Conference (၃)ရက်တာအတွင်း “The Five Dys Functions of a team” သင်ခန်းစာများကို အတူတကွလေ့လာဆွေးနွေးကြရင်း ပေါင်းစည်းညီညွတ်သော Cohesive team အနေဖြင့် မေတ္တာစက်ဝိုင်းထဲမှာ “Growing together အတူတကွကြီးထွားရင့်ကျက်လျက် working together အမှုတော်မြတ်၌ အတူတကွ အားစိုက်လုပ်ဆောင်ကြဖို့ရန် ဖြစ်ပါသည်။ သင်ခန်းစာများကို Leadership team မှ တင်ပြဆွေးနွေးသင်ကြားပို့ချကြပါသည်။ ထို့နောက် မြေပြင်အဖွဲ့(၄)ဖွဲ့နှင့် Chiang Mai ရှိ Staff များက Zoom ဖြင့်ပါဝင်ကြပြီး ဝေဟင်အဖွဲ့(၁)ဖွဲ့ စုစုပေါင်း အဖွဲ့(၅)ဖွဲ့ခွဲကာ ပို့ချပြီးသောသင်ခန်းစာတစ်ပိုင်းစီကို အဖွဲ့တွင်း၌ ပြန်၍ အကြေအလည် ဆွေးနွေးတင်ပြကြပါသည်။ ထူးခြားသည်က ကြာသပတေးနေ့ နံနက်ပိုင်းအစီအစဉ်မစမီ Staff များ၏ သားငယ်/သမီးငယ်လေးမှ Praise and Worship ဦးဆောင်ချီးမွမ်းကြသည်မှာလည်း အလွန်ချစ်စရာကောင်းပါသည်။ သောကြာနေ့တွင် အဖွဲ့လိုက်ပြန်လည်တင်ဆက်မှုများပြုကြရာ power point presentation၊ ပြဇာတ်တို၊ short video, အက၊ ကိုယ်တိုင်စပ်ဆိုသောသီချင်းဖြင့် တေးသရုပ်ဖော် စသည်တို့ဖြင့် အမျိုးမျိုးသော ဆန်းသစ်တီထွင်ဖန်တီးမှုများဖြင့်တင်ဆက်ကာ ပြိုင်ပွဲဝင်ကြပါသည်။

အချုပ်အနေဖြင့် team ၏ Norms ဖြစ်သော CMDs Christ Centred Multiply Disciple ခရစ်တော်ကိုဦးထိပ်ထားသော ဆပွားတိုးတပည့်တော်(၄၈)ဦး၊ တပည့်တော်ဖြစ်အဖွဲ့(Discipleship Groups)(၆၀)ဖွဲ့ရရှိရန်နှင့် New Staff Trainees- (NST)- အချိန်ပြည့်အမှုဆောင်သစ် (၁၆)ဦးရရှိဖို့ရန် ဘုံပန်းတိုင်အဖြစ် ထားရှိလုပ်ဆောင်ကြမည်ဖြစ်ပါသည်။



# အခက်အခဲကြားက နှုတ်ကပတ်တရား

ချစ်ရေးထက်၊ စစ်ရေးခက်၊ စစ်ရေးထက် လွမ်းရေးခက်၊
လွမ်းရေးထက် ဝမ်းရေးခက်၊ ဝမ်းရေထက် နေရေးခက်၊
နေရေးထက် သေရေးခက်တဲ့။
အခက်တကာ့ အခက်ကြား ဘယ်လိုရှင်သန်နေထိုင်မလဲ
လွယ်မယောင်နဲ့ခက်၊ တိမ်မလိုနက်တဲ့ ဘဝရဲ့အဓိပ္ပာယ်၊
ရှာလေဝေးလေမဖြစ်ဖို့၊ ကျမ်းမြတ်ကဆိုခဲ့တယ်။

''ငါသည် လမ်းခရီး၊ သမ္မာတရား၊ အသက်လည်းဖြစ်၏။
ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံမရောက်ရ ဆိုစကားအလေးထားကာ
ယခုပင် နာမ်ဝိညာဉ်အရှင် ဘုရားသခင်ကို သစ္စာနှင့်လည်းကောင်း၊ နာမ်ဝိညာဉ်နှင့်လည်းကောင်း
ကိုးကွယ်ဖို့ရန်မိန့်တော်မူသည့်၊ ''နှုတ်ကပတ်တော်တရားတော်သည်. . .
အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊
အသက်နှင့်စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုလည်းကောင်း၊
ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း
သိမြင်တတ်၏။''(ဟေဗြဲ ၄း၁၂)

အခက်တကာ့ အခက်ကြား၊ နှုတ်ကပတ်တရား ဝိညာဉ်တော်ဓားဖြင့်
ထိုးဖောက်ကာဖြိုခွင်း ဝိညာဉ်စစ်တလင်းမှာ
ဇေံဂေလိသတင်းကောင်းကို ဝေမျှကာသက်သေခံပါ။
အခက်အခဲကြားမှာ ဘုန်းတော်ထင်ရှား၊ လောက၏အလင်းဖြစ်စေတော်မူပါ။
''ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည်
မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်။'' (ရှင်ယောဟန် ၈း၁၂)

**မနက်ခင်းလားရှိုး**

အယ်ဒီတာ့အာဘော်

# ရိတ်သိမ်းရမယ့်စပါးတွေ



''ယေရှုသည် တရားစရပ်တို့၌ ဆုံးမသြဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟောလျက်၊ လူများခံရသော အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ မြို့ရွာရှိသမျှတို့ကို ဒေသစာရီလှည့်လည်တော်မူ၏။ လူအစုအဝေးတို့ကိုမြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲပစ်ထားသော သိုးကဲ့သို့ဖြစ်ကြ၏။ ထိုအခါ ကိုယ်တော်က၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း စပါးရှင်ကိုဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏။''(မဿဲ ၉း၃၅–၃၈)။

ယနေ့ခေတ် အချိန်အခါသည် အလွန်ပင်ခဲယဉ်းဆိုးယုတ်ရာ ကာလဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်၌သော်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်၌သော်လည်းကောင်း နိုင်ငံရေးမတည်ငြိမ်မှု၊ စစ်ပွဲများ၊ သဘာဝအန္တရာယ်များ၊ လူတို့၏ လောဘ၊ ဒေါသ၊ အတ္တတို့ကြောင့် မတရားစီးပွားရှာမှုများ အစရှိသဖြင့် နေ့စဉ်နှင့်အမျှကြားသိနေရသော သတင်းများက စိတ်မချမ်းမြေ့စရာဖြစ်ပါသည်။ လူတို့သည် ခက်ခဲပင်ပန်းနေကြသည်။ ဝမ်းရေးတစ်ထွာအတွက် မနည်းပင် လှုပ်ရှားရုန်းကန်နေကြရသည်။ အချို့က နေစရာအိမ်မရှိ၊ အလုပ်အကိုင်မရှိ၊ ကူရာကယ်ရာမဲ့။ ထိုကဲ့သို့သောသူတို့ကို ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့မျက်စိအမြင်ဖြင့် ကြည့်နေပါသနည်း။ သခင်ယေရှုက ထိုသူတို့ကို ကြည့်၍ ''သနားခြင်းစိတ်''ရှိတော်မူ၏ဟု ဆိုပါသည်။ ကျွန်ုပ်တို့ရော ထိုသူတို့ကို သနားကြင်နာပါသလား။ အိမ်အမိုးအောက်၌ နွေးထွေးလုံခြုံစွာအိပ်စက်ရချိန် မိုးမလုံ၊ လေမလုံ ပြိုပျက်နေသောအိမ်၌ စိုးတထိတ်ထိတ်ဖြင့် အိပ်နေရသောသူတို့ကို သတိရပါသလား။

သခင်ယေရှုက ''ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲပစ်ထားသော သိုးကဲ့သို့ဖြစ်ကြ၏''ဟုဆိုပါသည်။ လူတို့၏ ပင်ပန်းဆင်းရဲခြင်းတို့ကို ကိုယ်တော်သည်မြင်၍ သူတို့ကို သနားခြင်းစိတ်ရှိတော်မူပါသည်။ သူတို့ကိုချစ်သော၊ ကြင်နာသော၊ ကာကွယ်စောင့်ရှောက်ပေးသော၊ ကျွေးမွေးသော၊ သူတို့တစ်ဦးစီကို နာမည်နှင့်သိသော သိုးထိန်းမရှိပါ။ ထိန်းသူမရှိဘဲပစ်ထားသော သိုးကဲ့သို့ ဖြစ်နေကြပါသည်။ ထိုသူတို့ကိုအလွန်ချစ်သည့် သိုးထိန်းကြီးထံသို့ ပြန်ပို့ပေးဖို့ရန် လိုအပ်ပါသည်။

ထိုသူတို့ကို ဝင်းမှည့်နေသောစပါးများအဖြစ်လည်း ဖော်ပြထားပါသည်။ ထိုစပါးတို့ကို အချိန်မီမရိတ်သိမ်းနိုင်ပါက ကြွေကျ၊ မြေခပျက်စီးရပါတော့မည်။ ကိုယ်တော်က စပါးရိတ်စရာများစွာရှိ၏။ သို့သော် ရိတ်သောသူတို့သည် နည်းကြ၏ဟုဆိုပါသည်။ ထိုသူတို့ကို မပျက်စီးစေလိုပါ၊ သခင်ဘုရားသည် နှမြောခြင်းစိတ် ရှိတော်မူ၏။ ထိုသူတို့အတွက် စာရှုသူအဆွေရော နှမြောပါသလား။

ကျွန်ုပ်တို့၏ သက်သောင့်သက်သာဘဝထဲမှ ခြေစုံထွက်လာ၍ ထိုသူတို့ထံ သွားရောက်မေတ္တာပြကြည့်ပါ။ သူတို့ကိုချစ်သော၊ ကြင်နာသောစိတ်နှင့် နာကျင်ခံစားပေးလျက် မကုန်ခန်းနိုင်သော သခင့်မေတ္တာနှင့် သူတို့ကိုမိတ်ဆက်ပေးလိုက်ပါ။ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီ၌ ဘုရားက အချိန်နာရီ၊ အစွမ်းအစ၊ ဆုကျေးဇူး၊ ဘဏ္ဍာငွေကြေးများ ပေးထားပါသည်။ ထိုအရာများအားဖြင့် လိုအပ်နေသော အငယ်ဆုံးသောသူတို့ထံ ကမ်းပေးလိုက်ပါ၊ မျှဝေလိုက်ပါ။ ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာကောင်းချီးများကို ဝေမျှလိုက်ပါ။

ယခုကဲ့သို့သောအချိန်၌ တစ်ဦးကိုတစ်ဦး ဖေးမကူညီရင်း ကျွန်ုပ်တို့သည် လူသားများဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့၌ အကန့်အသတ်များရှိနေနိုင်သောကြောင့် အကန့်အသတ်မဲ့၊ အနိူင်းမဲ့၊ အတိုင်းအဆမဲ့သောဘုရားနှင့် မိတ်ဆက်ပေးဖို့ရန်ပင် ဖြစ်ပါသည်။

''ထိုသခင်၏ နာမတော်မှတစ်ပါး၊ လူတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိပါ'' (တ ၄း၁၂)

**နော်မူမူဝင်း (အယ်ဒီတာ)**



# ဆရာကြီးယုဒသန်

Rev. အောင်သက်ညွန့်

''သင့်ကိုရွေးနုတ်တော်မူ၍၊ ဖွားစကပင် သင့်ကိုပြုပြင်တော်မူသော ထာဝရဘုရားမိန့်တော်မူသည်ကား၊ မိုးကောင်းကင်ကို ငါတစ်ပါးတည်းကြက်လျက်၊ မြေကြီးကို အဖော်မရှိဘဲခင်းလျက်၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသော ထာဝရဘုရားဖြစ်၏။'' (ဟေ ၄၄:၂၄)။

''သင့်ကို အမိဝမ်းထဲ၌ ငါမဖန်ဆင်းမီ သင့်ကိုငါသိပြီ။ မဖွားမီကပင် သင့်ကို ငါသန့်ရှင်းစေ၍၊ လူအမျိုးမျိုးတို့အဖို့ ပရောဖက်အရာ၌ခန့်ထားပြီဟု မိန့်တော်မူ၏။''(ယေရမိ ၁:၅)။

အထက်ပါ နှုတ်ကပတ်တော်သည် ဆရာကြီးယုဒသန်အား ဘုရားသခင်ရွေးကောက်၍ မြန်မာပြည်အတွက် ခန့်ထားတော်မူကြောင်း အကြောင်းအရာအများကြီးထဲမှ အချက်အနည်းငယ်ကို ဖော်ပြအပ်ပါသည်။

ယေရှု၁၇၈၈ (၃)နှစ်သားအရွယ်မှာ သမ္မာကျမ်းစာ အခန်းတစ်ခုလုံးကို မိခင်၏သင်ကြားမှုကြောင့် ဖတ်နိုင်ခဲ့သည်။ (၄)နှစ်အရွယ်၌ သူငယ်ချင်းများနှင့်ကစားသောအခါ သူကတရားဟောဆရာ၊ သူငယ်ချင်းများကို အသင်းသားများဟုသဘောထားကာ သူအနှစ်သက်ဆုံးဓမ္မသီချင်းက ''ငါသတင်းကောင်းကို သွားပြောမည်''သီချင်းဖြစ်ပါသည်။

(၇)နှစ်သားအရွယ်မှာ ကမ္ဘာကြီးက နေကိုလှည့်ပတ်သွားနေသည်ဟူသော သင်ခန်းစာကိုကြားပြီးနောက် အိမ်ခြံဝင်းမြက်ခင်းပေါ်မှာ နေကိုကြည့်ရှုလေ့လာခဲ့သည်။ (၉)နှစ်သားအရွယ်မှာ သင်္ချာဘာသာ၌ထူးချွန်၍ ပညာသင်ဆုကိုရရှိခဲ့ပါသည်။ သာမန်လူကြီးများမဖြေရှင်းနိုင်သည့် သင်္ချာပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းနိုင်ခဲ့၍ (၁ ဒေါ်လာ) ဆုချခံရပါသည်။

(၁၀)နှစ်အရွယ်မှာ ပထဝီဘာသာရပ်ကိုထူးချွန်၍ ပညာသင်ဆုရရှိခဲ့ပြီး ဘာသာစကား၌လည်း အလွန်ကျွမ်းကျင်တတ်မြောက်၍ ဂရိဘာသာစကားကို ထူးချွန်စွာ တတ်မြောက်ခဲ့ပါသည်။

### *အမှုတော်မြတ်အတွက်ပြင်ဆင်ခြင်း*

လောကီပညာနှင့်ပြည့်စုံသည်သာမက လေ့လာဆည်းပူးခဲ့သော အခြားပညာရပ်များနှင့် ပြည့်စုံခဲ့သော်လည်း ဘုရားသခင်၏ကြီးမြတ်သောစေခိုင်းမှုကြီး ပြီးမြောက်စေဖို့ရန် သခင်ဘုရား၏ခြေရာတော်အတိုင်း လိုက်လျှောက်ခဲ့ပါသည်။ သခင်ဘုရားကဲ့သို့ တောကြီးမျက်မည်းထဲတွင် ရက်ပေါင်း(၄၀)အစာရှောင်ခဲ့ပြီး တစ်နေ့လျှင်

(၆)ကြိမ်ဆုတောင်းခဲ့ပါသည်။ ထို့ပြင် ဆရာကြီးသည် လမ်းလျှောက်ခြင်းဖြင့်လည်းကောင်း၊ အခန်းတွင်း၌လည်းကောင်း၊ ဘုရားသခင်၏ ဂုဏ်တော်နှင့်ကျေးဇူးတော်တို့ကို အောက်မေ့သတိရလျက် ဆုတောင်းလေ့ရှိပါသေးသည်။ အခန်းထဲတွင် ခြေလှမ်းမှန်မှန်နှင့် မြန်မြန်လျှောက်နေသောခြေသံကို ကလေးများကြားလျှင် ''ဖေဖေဆုတောင်းနေသည်'' ပြောဆိုတတ်ကြပါသည်။

***ဘုရားဝတ်၌မွေ့လျော်ခြင်းသည် အကျိုးစီးပွားဖြစ်သည်ကို မလုပ်ခဲ့ခြင်း***

ဤသို့ ငွေ၌တပ်မက်ခြင်းတဏှာကို လက်ဝါးကပ်တိုင်၌ သံဖြင့်ရိုက်၍ စွန့်ပစ်လိုက်ပါသည်။ ဗြိတိသျှအစိုးရက စကားပြန်ရာထူးကို လက်ခံလုပ်ပေးပါက တစ်လဒေါ်လာတစ်သောင်းပေးမည်ဟူသောကမ်းလှမ်းမှုကို ငြင်းဆန်ရုံမက ရန္တပိုစာချုပ်အတွက် သံတမန်စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့သည့်အတွက် အိန္ဒိယဘုရင်ခံမင်းမြတ်က ဆုတော်ငွေ ဒင်္ဂါးငါးထောင်နှစ်ရာနှင့် အင်းဝ၌ရရှိခဲ့သောငွေနှစ်ထောင်ခန့်ရှိခဲ့သည့် လက်ဆောင်ဘဏ္ဍာအားလုံးနှင့် အမေရိကန်၌ ကျောင်းဆရာ၊ စာစီစာရေးဆရာလုပ်ခဲ့စဉ်ကစ၍ နှစ်ရှည်ချွေတာစုဆောင်းတိုးပွားသော ကိုယ်ပိုင်ငွေဒေါ်လာ(၁၂၀၀၀)ကို သာသနာပြုအသင်းချုပ်ကြီးသို့ လှူဒါန်းခဲ့ပါသည်။ အကြောင်းမှာ မိမိသာသနာ့အလုပ်လုပ်၍ မိမိလုပ်သောအလုပ်ကို ဘုရားကောင်းချီးပေးသောကြောင့် မိမိကိုယ်ပိုင်သုံးရန်မဟုတ်၊ ဘုရားဘဏ္ဍာဖြစ်၍ ဘုရားထံ ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်ဟု နှိမ့်ချစွာပြောဆိုခဲ့ပါသည်။

**ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ထိုအမှုခပ်သိမ်းကိုခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင်ခြင်း**

ဆရာကြီးသည် ဓမ္မဂေလိတရားတော်နှင့် သမ္မာကျမ်းစာကို မြန်မာလိုဘာသာပြန်ခြင်းအပြင် အင်္ဂလိပ်–မြန်မာအဘိဓာန်၊ မြန်မာသဒ္ဒါနှင့် မြန်မာသတ်ပုံကျမ်းစသည့် မြန်မာပြည်သူများ၏ အကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်စဉ် မြန်မာအာဏာပိုင်များ၏ အထင်မှားညှဉ်းဆဲခြင်းအမျိုးမျိုးကို ခံခဲ့ရပါသည်။

ဆရာကြီးသည် စိတ်ထားနူးညံ့ပြီး သန့်ရှင်းသပ်ရပ်စွာနေတတ်သူဖြစ်၍ ညစ်ပတ်နံစော်ခြင်းနှင့်ပြည့်နေသော အကျဉ်းထောင်နှင့် ရေမချိုး၍နံစော်နေသော အကျဉ်းသားများ၊ နေ့စဉ် ညစ်ညူးကြမ်းတမ်းပြီး ဆဲဆိုတိုင်းထွာ ကဲ့ရဲ့သံများနှင့်ပြည့်နေသည့်အရာများက ဆရာကြီး၏ပါရမီနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေပါသည်။

ထို့ပြင် သေလောက်အောင် ဖောက်ထိုးမိုးမျှော်လည်းမကျ မသက်မသာဖြစ်စေရန် မနိမ့်လှအောင်ထားခြင်းကို တစ်ညလုံးခံစားရသည်။ မနက်ထောင်မှူးရောက်လာမှ ကြမ်းမှတစ်ပေကွာအောင် ဝါးလုံးကိုလျှော့ချပေးပြီး ထုံကျင်လှသည့် ကိုယ်အင်္ဂါတို့သည် တဖြည်းဖြည်းသွေးလေပြန့်ကာ သက်သာခြင်းရသောအခါတိုင်း ထောင်မှူးကိုကျေးဇူးတင်နေရပါသည်။ မနက်တိုင်း အပိုင်းပိုင်းဖြတ်၍ သတ်မည်။ အစာငတ်ခံထား၍ ဆင်နင်းသတ်မည်။ ခြင်္သေ့စာကျွေးမည်။ အကျဉ်းသားအားလုံးကို မီးလောင်တိုက်သွင်းမည်ဟု အဆက်မပြတ် ဆဲရေးပြောဆိုသံများ၊ ညဦးကတည်းက လက်မရွံ့အာဏာသားများ၏ ဓားသွေးသံများကလည်း ထိတ်လန့်ဖွယ် စိတ်ဒုက္ခတစ်မျိုးကို ခံစားစေခဲ့ပါသည်။ ''အင်္ဂလိပ်များကိုအောင်မြင်ဖို့ တပ်ဦးရှေ့တွင် သူတို့ကို အရှင်လတ်လတ်သတ်၍ မြေမြှုပ်ပစ်မည်'' ဟူ၍လည်းကောင်း ခြိမ်းခြောက်သံများကလည်း စိတ်ကို ညှဉ်းဆဲခြင်းဖြစ်စေခဲ့သည်။

တိုင်းသူပြည်သားတို့သည် ဘာသာသစ် တစ်ခုခုသို့ကူးပြောင်းပါက မြန်မာ့ကြေရာဇ်မင်း၏ အပြစ်ဒဏ်စီရင်ခြင်းနှင့် ကင်းလွတ်ခွင့်ရမည်မဟုတ်ကြောင်း သတင်းကလည်း သာသနာပြုရန်အတွက် စိတ်ဓာတ်ကျစရာပင်ဖြစ်နေပါသည်။ ထိုသတင်းကြောင့် သာသနာပြုတချို့ မြန်မာပြည်ကိုစွန့်သွားသော်လည်း ဆရာနှင့်မမယုဒသန်တို့မှာ သံဓိဋ္ဌာန်ချ၍ မစွန့်ခွာရက်ကြပါ။ ထို့ပြင် တွန်းအားတစ်ခုက မြန်မာတို့သည် ဗုဒ္ဓဘာသာမိရိုးဖလာကိုစွန့်၍ ခရစ်ယာန်ဘာသာသို့ပြောင်းလဲလျှင် ဘုရင့်အမျက်တော်ကိုခံရမည်ဟူသော အမိန့်ရှိလင့်ကစား ခရစ်ယာန်ဖြစ်ပြီးသောတပည့်တော်တို့၏ ရဲရင့်တည်ကြည် စွန့်စားဆက်ကပ်ခြင်းကိုမြင်ရသောအခါ ဆရာတို့မှာ အံ့ဩခဲ့ရပြန်သည်။ ခရစ်ယာန်များကလည်း ညှဉ်းပန်းနှိပ်စက်ခံရရုံမက သေလောက်သော ဒုက္ခကိုပင်ခံရပါစေ ခရစ်တော်ကိုအလျှဉ်းမစွန့်ပါဟု ဝန်ခံလာကြပါသည်။

ဤအခြေအနေမှ ထူးဆန်းအံ့ဩဖွယ်က ဆယ်ဦးသောသူတို့သည် ခရစ်တော်ကိုယုံကြည်လာ၍ ဗတ္တိဇံကိုခံယူလာကြသည်။ ထိုသူများထဲတွင် မြန်မာကျမ်းတတ် ပရပတ်ဆရာမောင်ရွှေငုံနှင့် မြန်မာပထမတပည့်တော်မ မမင်းလှတို့ပါဝင်ပါသည်။

ဤကဲ့သို့ မဆုတ်မနစ်ကြိုးစား၍ ဆုတောင်းခြင်းတန်ခိုးကြောင့် (၁၈၃၅)ခုနှစ်တွင် လူပေါင်းတစ်ရာ့နှစ်ဆယ်နှင့် နောက်ထပ် (၇၈၆)ဦးတို့ကို ဗတ္တိဇံပေးခဲ့ရပြီး ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးစာမျက်နှာကို ပုံနှိပ်တိုက်သို့ ပို့ဆောင်နိုင်ခဲ့ပါသည်။ (၁၈၃၈)ခုနှစ်တွင် ယုံကြည်သူတစ်ထောင်ကျော်ဖြစ်ခဲ့ပြီး ယခုနှစ်(၂၀၀)ကျော်အကြာတွင် ယုံကြည်သူများ(၂)သန်းကျော်(၃)သန်းအထိပင် တိုးပွားလာခဲ့ပါသည်။

ဆရာကြီးယုဒသန်နေ့တွင် ဆရာကြီးကိုအောက်မေ့သတိရရုံနှင့် ကျေနပ်ရောင့်ရဲခြင်းမရှိဘဲ ဆရာကြီးကဲ့သို့ အမျိုးမျိုးသောအခက်အခဲကို အရှုံးမပေးဘဲ ဆရာကြီး၏ယုံကြည်ခြင်းကို မီအောင်လိုက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့လျက်။

အမှုတော်မြတ်၌. . .

**Rev. အောင်သက်ညွန့်**

# ရှိတဲ့နေရာ၊ ရှိတဲ့အဆင့်မှာ သင်ဦးဆောင်နေပါသလား

*Are You Leading Where You Are?*



ဂျိုးလ်ဝဲဖိုးဝေး

ဘုရားသခင်သည် လူကိုဖန်ဆင်းသည့်အခါ ခေါင်းဆောင်မှုအစွမ်းသတ္တိ၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို အပ်နှင်းခဲ့ပါသည်(ကမ္ဘာ ၁း၂၆–၂၆၊ ၂း၁၅)။ သာယာလှပသော၊ ဘုရားသခင်အုပ်စိုးသော ကမ္ဘာမြေ၌၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝပြီး ဘုရားကိုနာခံသော၊ ဘုရားသဏ္ဍာန်နှင့်ပြည့်စုံသော လူသားများစုဝေးနေထိုင်သော လူမှုဝန်းကျင်များ ကမ္ဘာမြေကြီးပေါ်တွင်ပြည့်လာရန် ဘုရားသခင် အလိုရှိပါသည်။ သခင်ယေရှု ဤလောကတွင်ရှိစဉ် ဤအကြောင်းအရာကို ပြန်လည်အတည်ပြု ပြောဆိုခဲ့ပါသည်။ ''သင်တို့သည် ဤလောက၏ ဆားဖြစ်ကြ၏၊ ဤလောက၏ အလင်းဖြစ်ကြ၏။'' (မဿဲ ၅း၁၃–၁၄)။

ဘုရားသခင်သည် သူ့အလိုတော်ပြည့်စုံစေရန် ကမ္ဘာဦးမှစ၍ ခေတ်အဆက်ဆက်တွင် သူ့ကိုယ်ကိုကိုယ်စားပြုပြီး နာခံအသက်ရှင်မည့်သူများ၊ ခေါင်းဆောင်များ၊ ပရောဖက်များ၊ တရားသူကြီးများ၊ ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များ၊ ဝိညာဉ်ရေးရာခေါင်းဆောင်များကို ရွေးကောက်ခန့်အပ်တာဝန်ပေးလျက် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းများကို ပြုလုပ်စေခဲ့ပါသည်။ (ဥပမာ– အာဒံ၊ ဧဝ၊ နောဧ၊ အာဗြဟံ၊ ယောသပ်၊ မောရှေ၊ ယောရှု၊ ပေတရု၊ ပေါလု၊ ဘီလီဂရေဟမ်၊ ဒေါက်တာဘေးလ်ဘရိုက် အစရှိသဖြင့်. . )။ ဘုရားသခင်သည် အစိုးရသောဘုရားဖြစ်ပါသည်။ ထိုကဲ့သို့ ရွေးချယ်အသုံးပြုရာတွင် ဂျူးလူမျိုးဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ ရှင်ဘုရင်ဖြစ်စေ၊ သိုးကျောင်းသား၊ နွားကျောင်းသားဖြစ်စေ၊ သာမန်လူဖြစ်စေ၊ ပြည့်တန်ဆာဖြစ်စေ၊ ပညာတတ်ဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ ခရစ်ယာန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူအလိုတော်ရှိသည့်အတိုင်း ရွေးကောက်အသုံးပြုသော ဘုရားဖြစ်ပါသည်။ ဘုရားသခင်အသုံးမပြုနိုင်သောသူ၊ အသုံးမပြုနိုင်သောအရာ တစ်စုံတစ်ခုမျှ မရှိပါ။ တိရစ္ဆာန်များကိုပင်လျှင် ဘုရားသခင်အသုံးပြုနိုင်ပါသည်။ ဥပမာ– မြည်းကိုအသုံးပြုပြီး ဗာလမ်ကို သတိပေးဆုံးမခဲ့ပါသည် (တောလည်ရာ ၂၂း၂၂–၃၅)။

**ဦးဆောင်သူခေါင်းဆောင်များ နေရာတိုင်း၊ အဆင့်တိုင်းတွင် လိုအပ်နေပါသည်**

ဘုရားသခင်ကို အမြဲဆန့်ကျင်ပုန်ကန်သူ၊ သမ္မာတရားကို အမြဲပြောင်းပြန်ဖြစ်စေသူ၊ မုသာ၏အဖ စာတန်သည် ဘုရားသခင်၏လူများ၊ ဘုရားသခင်၏အမှုအရာများကို သေကြေပျက်စီးစေရန် အမြဲလုပ်ဆောင်နေပါသည် (ယော ၁၀း၁၀)။ သို့သော်လည်း စာတန်သည် ဘုရားသခင်အခွင့်ပေးသလောက်သာ လုပ်ဆောင်နိုင်ပါသည် (ယောဘ ၁း၁၁၊ ၂း၆)။ ဘုရားသခင်၏အမှုအရာများ၊ ဘုရားသခင်၏အလိုတော်၊ အကြံအစည်များ၊ ရည်ရွယ်ချက်များ ပြည့်စုံစေရန် ဦးဆောင်မည့်ခေါင်းဆောင်များ နေရာတိုင်းတွင် လိုအပ်နေပါသည်။

## သခင်ယေရှု၏ ခေါင်းဆောင်မှုပုံသက်သေ

သခင်ယေရှုသည် မာရ်နတ်၏အမှုများကို ပယ်ဖျက်ရန် လာခဲ့ပါသည် (၁ယော ၃း၈-ခ)။ သခင်ယေရှုသည် ခမည်းတော်ဘုရားသခင်၏ အလိုတော်ကိုဆောင်ရန်၊ ပြည့်စုံစေရန် လူဇာတိခံခဲ့ပါသည်(ယော ၄း၃၄၊ ၁၇း၄)။ သခင်ယေရှုသည် အစေခံရန် လူ့ဇာတိခံကြွရောက်လာသည့်အတိုင်း ပုံသက်သေအဖြစ် တပည့်တော်များ၏ခြေကို ဆေးခဲ့ပါသည် (ယော ၁၃း၁-၁၅)။ သခင်ယေရှုသည် ခမည်းတော်ထံဆုတောင်းခြင်း၊ ခမည်းတော်မှာထားသော စကားများကိုသာပြောခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်း၊ တန်ခိုးပေးခြင်းကို အစဉ်ခံယူခြင်းဖြင့် ခမည်းတော်ဘုရား၏ အလိုတော်ကိုဆောင်ပြီး ပြည့်စုံစေခဲ့ပါသည် (ယော ၅း၃၀၊ ၆း၁၂၊ မာကု ၁း၃၅၊ မဿဲ ၄း၁-၁၁)။ လောကသားများ အပြစ်မှလွတ်ပြီး အသက်လွတ်ရုံမက၊ အသက်နှင့်ပြည့်စုံစေခြင်းငှါ ကြွလာခဲ့ပါသည်။ တပည့်တော်များကိုမွေးထုတ်ပြီး လူမျိုးတကာကိုတပည့်တော်ဖြစ်စေဖို့ အမိန့်ပေးစေလွှတ်ခဲ့ပါသည် (မဿဲ ၂၈း၁၈-၂၀၊ တမန် ၁း၈)။

## ရှင်ပေါလု၏ ခေါင်းဆောင်မှုပုံသက်သေ

ဘာသာတရား၌ စိတ်အားကြီးသော၊ ကျမ်းတတ်ပုဂ္ဂိုလ် တမန်တော်ရှင်ပေါလုသည် သခင်ယေရှုနှင့် နဖူးတွေ့၊ ဒူးတွေ့ တွေ့ခဲ့ပြီးနောက်တွင် သခင်ယေရှု၏ခြေရာတော်ကို လိုက်ခဲ့ပါသည်။ သာသနာပြုခရီးစဉ်(၃)ခုအားဖြင့် လူပေါင်းမြောက်မြားစွာကို ဧဝံဂေလိဟောပြောခြင်း၊ တပည့်တော်များကိုမွေးထုတ်ခြင်း၊ အသင်းတော်များစွာကိုတည်ဆောက်ခြင်း၊ အသင်းတော်ခေါင်းဆောင်များမွေးထုတ်ခြင်းများကို အဖိုးအခပေး ဆက်ကပ်လုပ်ဆောင်ခဲ့ပါသည် (တမန်တော် ၉၊ ၁၃-၁၉)။ ''သို့ရာတွင် ဘုရားသခင်၏ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှာ၊ သခင်ယေရှု၏လက်မှငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်သောအမှုကို ဝမ်းမြောက်စွာပြီးစီးစေမည့်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှု တစ်စုံတစ်ခုကိုမျှ ငါသည် ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ။''(တမန် ၂၀း၂၄)။

## ဆပွားတိုးခြင်းနည်းဥပဒေသ

နေရာတိုင်း၊ အဆင့်တိုင်းတွင် ဦးဆောင်မည့်ခေါင်းဆောင်များပေါ်ထွက်လာရန် ရှင်ပေါလုက သူ၏ဝိညာဉ်သားဖြစ်သူ တိမောသေကို ပုံသက်သေဖြင့် သေချာလေ့ကျင့်ပျိုးထောင် စေလွှတ်မှာကြားခဲ့ပါသည်။ ရည်ရွယ်ချက်ရှိရှိတည်ဆောက်၊ သင်ကြားစေလွှတ်ခြင်းသည် ဦးဆောင်မည့်ခေါင်းဆောင်မျိုးဆက်မပြတ်ဘဲ နေရာတိုင်း၊ အဆင့်တိုင်းတွင်ပေါ်ထွက်လာရန် အလွန်အရေးကြီးသော လုပ်ဆောင်ရမည့်အချက်ဖြစ်ပါသည် (မဿဲ ၂၈း၁၈-၂၀၊ ၂တိ ၂း၁-၇)။ ဣသရေလလူမျိုးများကို ဘုရားသခင်က မောရှေမှတစ်ဆင့်သားစဉ်မြေးဆက်သွန်သင်ရန် ပညတ်ထားခဲ့ပါသည်(တရားဟော ၆း၁-၉)။ ရန်သူစာတန်၏ ဖျက်ဆီးတိုက်ခိုက်မှုကိုတွန်းလှန်ပြီး မိမိရှိသည့်နေရာ၊ အဆင့်တွင် ဦးဆောင်နိုင်သော ခေါင်းဆောင်များဖြစ်လာရန် စစ်သူရဲကဲ့သို့၊ အားကစားသမားကောင်းတစ်ယောက်ကဲ့သို့၊ လယ်သမားကောင်းတစ်ယောက်ကဲ့သို့လုပ်ဆောင်ရန် ရှင်ပေါလုမှ တိမောသေကို ဥပမာပေးလျက် မီးမောင်းထိုးပြခဲ့ပါသည်။

## သစ္စာရှိခြင်း

ဘုရားသခင်နှင့်သမ္မာတရားကို ယုံကြည်ခြင်း၊ ဘုရားသခင်နှင့်သမ္မာတရားအပေါ် သစ္စာရှိခြင်းသည် နေရာတိုင်း၊ အဆင့်တိုင်းတွင်ရှိနေရန် အလွန်အရေးကြီးပါသည်။ ဘုရားသခင်အပေါ် သစ္စာမရှိခြင်းသည် ဘုရားသခင်၏ရန်သူဖြစ်သော စာတန်နှင့်ပေါင်းဖော်ခြင်း၊ စာတန်၏ဘက်တော်သားဖြစ်သွားခြင်းနှင့် တူပါသည်။ ယေရှုက ''အနည်းငယ်သောအမှု၌ သစ္စာရှိလျှင် ကြီးသောအမှု၌လည်း သစ္စာရှိမည်''ဟု ပြောခဲ့ပါသည်(လုကာ ၁၆း၁၀)။

## သွန်သင်ခြင်းငှာတတ်စွမ်းနိုင်ခြင်း

အလိုအလျောက်တတ်စွမ်းနိုင်သူ မရှိသလောက်ရှားပါသည်။ ''ဆရာမပြု နည်းမကျ''ဆိုသကဲ့သို့ တတ်ကျွမ်းနားလည်သူ ဆရာသမားများနှင့် လေ့လာသင်ယူရန် အလွန်အရေးကြီးပါသည်။ မိမိအပိုင်းမှ ကြိုးစားအားထုတ်ပြီး ဘုရားကျေးဇူးတော်၊ တန်ခိုးတော်အားဖြင့် လေ့လာဆည်းပူး သင်ယူလေ့ကျင့်မှသာ တတ်စွမ်းနိုင်ခြင်းအဆင့်သို့ တစ်လှမ်းချင်း ရောက်ရှိလာမည်ဖြစ်ပါသည်။

## နိဂုံး

ဘုရားသခင်ပေးသော ခေါင်းဆောင်မှုအစွမ်းအစဖြင့် မိမိအသက်တာကို ဘုရားသခင်၏သာသနာ၊ ဘုရားသခင်၏အလိုတော်ပြည့်စုံစေရန် မိမိရှိသည့်နေရာ၊ အဆင့်တွင် ဆားနှင့်အလင်းဖြစ်နေရန်၊ မိမိရှိသည့်နေရာ၊ အဆင့်တွင် ဦးဆောင်နိုင်သောခေါင်းဆောင်များဖြစ်ရန် သင့်အသက်တာကို မည်ကဲ့သို့ဆင်ခြင်လျက် ပြုပြင်ပြောင်းလဲနေပါသနည်း။ ဘုရားသခင်နှင့် သူ၏သမ္မာတရားအပေါ်သစ္စာရှိရန်၊ သွန်သင်ခြင်းငှာ တတ်စွမ်းနိုင်သူများဖြစ်ရန် သင်မည်ကဲ့သို့ လေ့ကျင့်ပြင်ဆင်နေပါသနည်း။ သင့်ကိုဦးဆောင်ပြီး လေ့ကျင့်သင်ကြားပေးနေသူ ရှိပါသလား။ မရှိလျှင် သင့်ကိုဦးဆောင်ပြီး နည်းပြသင်ကြားပေးမည့်သူကို ဆုတောင်းလျက်ရှာဖွေပါ။ ထိုသူထံမှ လေ့လာသင်ယူပါ။ သင်ကိုယ်တိုင်ဦးဆောင်ပြီး နည်းပြသင်ကြားပေးနေသော သင်၏တပည့် မည်မျှရှိနေပါသနည်း။ မရှိလျှင် ဆုတောင်းပြီး၊ သင်ကိုယ်တိုင် နည်းပြသင်ကြားပေးမည့်သူများကို ရှာဖွေပြီး လေ့ကျင့်သင်ကြားပေးပါ။

**ဂျိုးလ်ဝဲဖိုးဂေး**



# ဟန်ဆောင်ခြင်းနှင့်အတုအယောင်

ဒေါက်တာဖေမြတ်ဝင်း

ဟန်ဆောင်ခြင်းသည် လိမ်လည်လှည့်ဖြားရာတွင် စာတန်အများဆုံးအသုံးပြုသော လက်နက်ဖြစ်ပါသည်။ ကမ္ဘာဦးအချိန်ကပင် မိမိကိုယ်ကို မြွေအဖြစ်နှင့်ဟန်ဆောင်လျက် အာဒံနှင့်ဧဝကို လိမ်ခဲ့ပါသည်။ ကမ္ဘာပျက်ချိန်၌လည်း သူ၏ကိုယ်စားလှယ်ဖြစ်သူ အန္တိခရစ်က ဤလောက၏ကယ်တင်ရှင်အဖြစ်နှင့် ကမ္ဘာကိုအုပ်စိုးပါဦးမည်။ လူတွေကလည်း ဟန်ဆောင်တတ်ကြပါသည်။ လောက၌ ဟန်မဆောင်ဖူးသူ တစ်ယောက်မှမရှိပါ။ အာဒံနှင့်ဧဝက စာတန်ကို ဆရာတင်လိုက်သည့်အတွက် ယခုလိုဖြစ်လာသလား မသိပါ။

မဟုတ်သည့်အရာကို ဟုတ်သယောင်၊ မရှိသည့်အရာကို ရှိသယောင်၊ မသိသည့်အရာကို သိသယောင်ပြုခြင်းကို ဟန်ဆောင်ခြင်းဟုခေါ်ပါသည်။ လှည့်စားလိုသောအခါ ဟန်ဆောင်ကြပါသည်။ မိမိတွင်ရှိသည့်အရာနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိသောအခါ ဟန်ဆောင်တတ်ပါသည်၊ ကြွားဝါလိုစိတ်က လူတိုင်း၌ရှိပါ၏။ မသိကြောင်းကိုဝန်မခံလိုသည့်အခါ အများဆုံးဟန်ဆောင်ပါသည်။ မိမိကိုယ်ကို အခြားသူတစ်ဦးအဖြစ်နှင့် ပုံများရိုက်သူတွေလည်းရှိပါသည်။

လူသာမက တိရစ္ဆာန်နှင့်အပင်များလည်း ဟန်ဆောင်ကြပါသည်။ ရန်သူနှင့်သားကောင်တို့ကိုလှည့်ဖြားရန် မိမိခန္ဓာ၏ အရောင်နှင့်ပုံပန်းသဏ္ဍာန်ကို ပတ်ဝန်းကျင်နှင့် ပုံတူဖြစ်စေရန်ပြောင်းလဲလျက် ကိုယ်ဖျောက်တတ်ပါသည်။ (Camouflage)ဟု ခေါ်ပါ၏။ သစ်ရွက်ခြောက်နှင့် အကိုင်းအခက်များကို ပုံတူခိုးချထားသည့် ပိုးကောင်များ၊ ကျောက်ခဲတုံးနှင့်ခွဲလို့မရသော ငါးများကို တွေ့ဖူးကြပါသလား။ ဗွတ်ကုလားနှင့် သပိတ်လွယ်ငှက်တို့က စွန်ရဲအသံပြု၍ ရန်သူငှက်တွေကို ခြောက်လှန့်ပါသည်။ (Mimicry)ဟုခေါ်ပါသည်။

တိရစ္ဆာန်များပင် ဟန်ဆောင်ရာ၌ ဤမျှကျွမ်းပါက လူဆိုလျှင် အဘယ်သို့ဆိုပါမည်နည်း။ လူသုံးသောနည်းပညာက ကြာလေအဆင့်မြင့်လေပါပဲ။ ရုပ်ဖျက်ရာတွင် မိတ်ကပ်၊ နှုတ်ခမ်းမွေးအတု၊ ဆံပင်အတု စသည်တို့ကိုသုံးခဲ့ရာမှ ယခု မျက်နှာမှအစ၊

အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကိုခွဲစိတ်၍ ပုံသေပြောင်းနိုင်နေကြပါပြီ။ ယောက်ျားကမိန်းမဖြစ်၊ မိန်းမကယောက်ျားဖြစ်နှင့် ဖိုမပင်ခွဲလို့မရတော့ပါ။ ယိုးဒယားမှ မိန်းမလျာများ၏ အလှမယ်ရွေးပွဲကို ရုပ်မြင်သံကြားတွင် တွေ့ခဲ့ရသည်။ မိန်းမစစ်တွေကပင် အရှုံးပေးရမလိုဖြစ်နေပါသည်။

လက်ဝတ်လက်စားနှင့် အသုံးအဆောင်ပစ္စည်းအတုကို ထုတ်လုပ်ခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်ပါ၏။ ဘွဲ့အတုဖြင့် အလုပ်လျှောက်သည်မှာလည်း မဆန်းတော့ပါ။ ယခုအခါတွင် မြန်မာပြည်၌ ပါရဂူဒေါက်တာတွေ မှိုလိုပေါက်နေကြသော်လည်း မည်သို့မည်ပုံရရှိမှန်းကိုတော့ ကာယကံရှင်မှလွဲ၍ မည်သူမှမသိပါ။ နေရာတကာတွင် စီးပွားရေးကိုသာ ရှေ့တန်းတင်လျက်ရှိပါသည်။ ယနေ့တွင် လူကိုအန္တရာယ်ပြုမည့် အစားအစာ၊ အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးအတုများကို ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချနေကြပါသည်။

အတုလုပ်၊ ဟန်ဆောင်တိုင်းမကောင်းဘူးဟု ပြော၍မရပါ။ လူကိုအကျိုးပြုသော(Simulation)ဆိုသည့် တကယ်ဖြစ်နေသကဲ့သို့မြင်စေသော သရုပ်သကန်ဖန်တီးမှုတစ်မျိုး ရှိပါသည်။ ကွန်ပျူတာနှင့်ဗွီဒီယို(game)များတွင် အများဆုံးအသုံးပြုပါသည်။ လေ့ကျင့်သင်ကြားရာ၌လည်း အထူးပင် အသုံးဝင်ပါသည်။ ဥပမာ လေယာဉ်အမောင်းသင်သည့်အခါတွင်လည်းကောင်း၊ အာကာသခရီးအတွက် လေ့ကျင့်ရာတွင်လည်းကောင်း အခန်းထဲ၌ပင် ပြုလုပ်လို့ရပါသည်။ အမောင်းသင်နေသူက သူ၏ယာဉ်ကို တကယ်ပင် ကောင်းကင်၌ မောင်းနေသကဲ့သို့ ခံစားရပါသည်။

ရုပ်ရှင်သရုပ်ဆောင်တို့သည်လည်း ဟန်ဆောင်၍ လူတို့ကိုဖျော်ဖြေကြပါသည်။ ထို့ပြင် ယနေ့ရုပ်ရှင်နည်းပညာ(Technology)က အလွန်မှအဆင့်မြင့်သည့်အတွက် မည်သည့်လုပ်ရှားမှုမျိုးကိုမဆို ကွန်ပျူတာဖြင့် ဖန်တီးလို့ရပါသည်။ (Superman)ရုပ်ရှင်ကို ကြိုက်သူများစွာရှိပါသည်။ လက်တွေ့နှင့် လူတို့ဟန်ဆောင်ထားသောဖြစ်ရပ်တွေက အတော်ပင်ကွာခြားကြောင်း ဤဇာတ်ကားတွင်သရုပ်ဆောင်သူ (Christopher Reeves)၏ ကြေကွဲစရာကောင်းသည့်ဘဝဖြစ်စဉ်က ပြန်ပြောင်း၍သတိရစေခဲ့ပါသည်။ ရုပ်ရှင်ထဲမှ မြေလျှိုးမိုးပျံသော သံမဏိလူသားသည် မြင်းပေါ်မှကျပြီး ဇက်ကျိုးသွားခဲ့ပါသည်။

မကြာမီက သိပ္ပံစိတ်ကူးယဉ် ရုပ်ရှင်ဇာတ်ကားတစ်ခုကို ကြည့်ခဲ့ရသည်။ ပြင်ပကမ္ဘာနှင့် မွေးကတည်းက အဆက်ဖြတ်ထားခြင်းခံရသော လူတွေအကြောင်းဖြစ်ပါ၏။ အားလုံးသည် (Cloning) ဟုခေါ်သည့် မျိုးပွားနည်းဖြင့် ထုတ်လုပ်ထားသူများဖြစ်ပါသည်။ ငွေကြေးချမ်းသာသူတွေက ကုမ္ပဏီကြီးတစ်ခုအား သူတို့ရဲ့ကိုယ်ပွားများကို ထုတ်လုပ်ခိုင်းထားခြင်းဖြစ်ပါသည်။ သူတို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အစားထိုးခွဲစိတ်ကုသရန် လိုအပ်လာလျှင် ထိုကိုယ်ပွားတွေကို အသုံးပြုရန်ဖြစ်ပါသည်။ ကိုယ်ပွားများကတော့ မိမိတို့သည် အပိုပစ္စည်း(Spare parts)ဖြစ်နေကြောင်းကို မသိကြဘဲ သာမန်လူသားတွေဟု ထင်လျက်ရှိပါ၏။ နေထိုင်သောစက်ရုံကိုလည်း တကယ်ကမ္ဘာကြီးဟု မြင်နေကြပါသည်။ ရောမအဆောက်အအုံကြီးဖြစ်ပြီး အမိုးကို ကောင်းကင်နှင့် ပုံတူရေးခြယ်ပေးထားသည့်အပြင် နေဝင်ချိန်နှင့်နေထွက်ချိန်အတုကို ဖန်တီးပေးထားပါသည်။ ဇာတ်လမ်းအဆုံးတွင်တော့ စက်ရုံပေါက်ကွဲလျက် အားလုံးလွတ်မြောက်သွားကြပါသည်။ ထိုအခါမှ တကယ့်ကမ္ဘာကြီးက မည်မျှကျယ်ဝန်း၊ လှပ၊ လွတ်လပ်၍ ပျော်စရာကောင်းမှန်း သိရှိလာကြပါသည်။

စိတ်ကူးယဉ်ဇာတ်လမ်းပင်ဖြစ်ပေမဲ့ လက်တွေ့ဘဝကို ရောင်ပြန်ဟပ်သည်ဟု ယူဆသည့်အတွက် ဖော်ပြထားခြင်းဖြစ်ပါ၏။ ဤလောကတွင် လူတွေကို စက်ရုပ်ကဲ့သို့အသုံးချနေသောဖြစ်ရပ်များစွာရှိပါသည်။ တစ်ဦးချင်းဖြစ်စေ၊ တစ်မျိုးလုံး၊ တစ်နိုင်ငံလုံးကိုပင်ကျွန်ပြုလျက် ထောင်သွင်းအကျဉ်းချထားသည့် သာဓကများရှိပါ၏။ ဥပမာ– မြောက်ကိုးရီးယားပြည်သူတို့သည် ပြင်ပကမ္ဘာနှင့်အဆက်ပြတ်နေလျက် မိမိတို့တိုင်းပြည်ကို လောကနိဗ္ဗာန်ဟု ထင်နေကြပါသည်။ လူတွေ၏ဦးနှောက်ထဲသို့ မမှန်သောသတင်းအချက်အလက်တွေကို အတင်းသွတ်သွင်း၍ လိမ်ညာသည့်နည်းကို Brain wash ဟုခေါ်ပါသည်။ ကွန်မြူနစ်နှင့်အာဏာရှင်အုပ်စိုးသောနိုင်ငံတို့တွင် အများဆုံးတွေ့ရပါသည်။ သည်အကြောင်းတွေကို ကျွန်ုပ်တို့မြန်မာပြည်သူပြည်သားများအား အထူးရှင်းပြနေစရာမလိုပါ။ ရုပ်သေးဘဝမျိုး၌ ကြာမြင့်စွာ နေခဲ့ကြရပြီးပြီမဟုတ်လား။



တကယ်တော့ ဤစာတန်ကကျွန်ပြုထားသည့် လောကကြီးသည်လည်း ရုပ်ရှင်ထဲမှ လူပွားများနေထိုင်သောစက်ရုံနှင့် ခပ်ဆင်ဆင်ပင်။ လက်ရှိကမ္ဘာပျောက်ကွယ်၍ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုတွေ့မြင်မှသာ ကနဦး၌ ဘုရားသခင်ရည်ရွယ်ခဲ့သည့် ကမ္ဘာကြီးသည် မည်မျှသာယာလျက် ကြည်နူးစရာကောင်းကြောင်း သိရှိလာရပါလိမ့်မည်။

နောက်ဆုံးအနေနှင့် ဝိညာဉ်ကိုလှည့်ဖြားသော ဟန်ဆောင်ခြင်းအကြောင်း ပြောလိုပါသည်။ အားလုံးတွင် ကြောက်စရာအကောင်းဆုံးဖြစ်ပါ၏။ လိမ်လည်မှု၏ဖခင် စာတန်(ယော ၈း၄၄)က ပြုလုပ်သည့်အတွက် အလွန်မှပင်ပိရိသောကြောင့် သတိကြီးစွာထားရပါလိမ့်မည်။ ဤသတ္တဝါသည် မိမိကိုယ်ကို အလင်းတမန်အဖြစ်နှင့် အမြဲဟန်ဆောင်ထားပါသည်(၂ကော ၁၁း၁၄)။ သူတော်ကောင်းအယောင်ဆောင်ရာ၌ စာတန်ပြီးလျှင် ဖာရိရှဲနှင့်ကျမ်းတတ်ဆရာတို့ကို မည်သူမှမမီပါ။ ထုံးသုတ်ထားသည့် အသုဘအခေါင်းများဟုပင် ခရစ်တော်ပြောခဲ့ပါသည် (မ ၂၃း၂၇-၂၈)။ ဤနောက်ဆုံးသောကာလတွင် မိစ္ဆာပရောဖက်တွေကို သတိထားရန်လိုပါ၏။ သည်အတုအယောင် ဧဝံဂေလိဆရာများက ကျွန်ုပ်တို့၏ဝိညာဉ်ကို အန္တရာယ်ပြုနေကြပါသည်။ အားလုံးကျန်းမာ၍ သူဌေးဖြစ်ရမည်ဆိုသော ကြီးပွားရေးတရား(Prosperity -Gospel)အားဖြင့် ခရစ်ယာန်တွေကို မြူဆွယ်နေကြပါသည်။ နောက်ပိုင်းတွင် ပို၍ပြည့်စုံစွာဖော်ပြပါမည်။ မိစ္ဆာပရောဖက်တွေအကြောင်းကိုလည်း ကျွန်တော်စာအုပ်ထုတ်ထားပါသည်။ ခရစ်ယာန်များစွာ လှည့်စားခြင်းခံရမည်ဟု ခရစ်တော်ကိုယ်တိုင်ပင် သတိပေးခဲ့သည့်အတွက်(မ၊၂၄း ၁၁) ပေါ့ပေါ့တန်တန် သဘောထား၍မရပါ။

သခင်ယေရှုကို ချစ်ခင်လေးစားရသည့် အကြောင်းများစွာရှိသည့်အထဲတွင် သူ၏ပွင့်လင်းမှုကို အလွန်မှနှစ်သက်ပါသည်။ ခရစ်တော်ကိုယ်၌က သမ္မာတရားဖြစ်နေသောကြောင့် လိမ်လည်၍မရဘဲ အမှန်ကိုသာ အမြဲပြောပါသည်(ယော ၁၄း၆၊ ဟေဗြဲ ၆း၁၈)။ ဥပမာ- ဆင်းရဲဒုက္ခမှ အမြန်ဆုံးလွတ်မြောက်လိုသူများကို သင်တို့သည် လောက၌ ဒုက္ခခံကြရမည်ဟုဆိုပါသည် (ယော ၁၆း၃၃)၊ သူ့နောက်သို့လိုက်လိုလျှင် ကိုယ်ကိုငြင်းပယ်လျက် လက်ဝါးကပ်တိုင်ထမ်းရမည်ဟု ပြောပါသည်။ ဘယ်အခါမှ လူ့အကြိုက်လိုက်၍ မပြောပါ။ မိစ္ဆာပရောဖက်တွေနှင့်တော့ ပြောင်းပြန်ဖြစ်ပါ၏။ ဤစကြဝဠာတစ်ခုလုံးတွင် ဟန်ဆောင်ခြင်းနှင့်လုံးဝကင်းသောသူသည် ယေရှုခရစ်တော်တစ်ပါးတည်းသာ ရှိပါသည် (၂တိ ၂း၁၃)။ ထို့ကြောင့် သူပေးသည့်ကတိတော်များကို အကြွင်းမဲ့ ယုံကြည်နိုင်ကြပါသည်။ သခင်ယေရှုသည် မနေ့၊ ယနေ့၊ နောင်ကာလ ဘယ်အခါမှမပြောင်းလဲသောဘုရား ဖြစ်ပါ၏ (ဟေဗြဲ ၁၃း၈)။

**ဒေါက်တာဖေမြင့်ဝင်း**

# ငြိမ်းချမ်းရေး

ခင်ဗျားကဆွဲ ကျုပ်ကတင်း
ခင်ဗျားတင်းလျှင် ကျုပ်ဆွဲချင်
ပြိုင်တူတင်းကာ ငြင်းခုန်ရန်မီးတောက်ရင်ဖြင့်
မီးစတွေကလွင့် ယမ်းတွေကပွင့်နဲ့
ဂန်းတွေကြားမှာ
ကျုပ်တို့ . . .
တနင့်နင့် အဆိပ်သင့်နေတော့မှာပေါ့။

မသင့်တင့်တော့တဲ့အရပ်မှာ
ဖြစ်ချင်ရာဖြစ်ကြေးဆို
ခင်ဗျားနဲ့ကျုပ် တစ်ယောက်နဲ့တစ်ယောက်
အနိုင်အရှုံးအောက် ဘာရုပ်ပေါက်ခဲ့လို့လဲ
ပြော . . . ။

ရေရောထားတဲ့ ယမကာလည်း
အသပြာနဲ့ ပေးဝယ်ရတာပဲမဟုတ်လား။
တရုတ်ကုလားလို အဖြူအမည်းမှုကွဲနေတာတောင်
ညားကြသေးရင် ခင်ဗျားနဲ့ကျုပ်က
ဘာလို့ မနားကြသေးတာလဲ။

အသားကျနေတဲ့
ခေါက်ရိုးကျိုး မငြိမ်းချမ်းရေးမှာ
အားကျစရာမကောင်းတဲ့
အစွန်းရောက်ပေါက်ကွဲမှုတွေကလည်း
ထပ်ကြပ်မကွာ။

အဲ ဒီလိုသာဆို
ကျုပ်နဲ့ခင်ဗျား ရေနဲ့ငါးလို
ကိုယ့် ဘုရားသာ ကိုယ်
အပြန်အလှန်
ပြောကြဖို့ပဲ လိုတော့တယ်။

**စိုက်သူ**



# မေတ္တာကို အဆိပ်မခပ်ကြပါနှင့်

- ကိုးမေ -

မေတ္တာလို့ပြောလိုက်ရင်ကို အင်မတန်မှ နှစ်လိုဖွယ်ကောင်းတယ်ဆိုတာကို ကျွန်မတို့အားလုံးက သိကြပါတယ်။ ဘုရားသားသမီးဖြစ်တဲ့ ကျွန်မတို့တွေက ဘုရားသခင်ရဲ့မေတ္တာ၊ ချစ်ခြင်းတွေကို အပြည့်အဝခံစားရသူများလည်း ဖြစ်တယ်။

သမ္မာကျမ်းစာက (၁ကော ၁၃း၄–၈)မှာဖော်ပြတဲ့ မေတ္တာရဲ့သဘောက ‘စိတ်ရှည်တယ်၊ ကျေးဇူးပြုတယ်၊ ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျော်ကပ်စွာမကျင့်တတ်၊ ကိုယ့်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိ၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၊ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ယုံတတ်၏၊ မျှော်လင့်တတ်၏၊ သည်းခံတတ်၏၊ မေတ္တာသဘောက ဖောက်ပြန်ခြင်းနှင့်ကင်းလွတ်၏’လို့ ဆိုထားပါတယ်။ အဲဒါကို စံနမူနာပြုသူကတော့ ခရစ်တော်ပဲ ဖြစ်တယ်။

ရောမ ၅း၈ ၌ ‘‘ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏’’လို့ ဆိုထားပါတယ်။ ဒါကြောင့် (၁ယော ၄း၈)မှာလည်း ‘‘ချစ်ခြင်းမရှိသူက ဘုရားသခင်ကိုမသိ၊ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏’’လို့ ပြောထားခြင်းပဲဖြစ်ပါတယ်။

ဒီလောက်ကောင်းမြတ်တဲ့ ထိုမေတ္တာတွေခံစားရတဲ့ ဘုရားသားသမီး ကျွန်မတို့တွေက မေတ္တာမှာအဆိပ်ခပ်လိုက်မယ်ဆိုရင် မေတ္တာကအဆိပ်သင့်သွားပြီး မေတ္တာအဆိပ်တွေ ခံစားရမှာဖြစ်တယ်။ ဒါဆိုရင် ကျွန်မတို့တွေက တမင်သက်သက် မေတ္တာကိုအဆိပ်တည့်ကြတာလား စဉ်းစားစရာပဲဖြစ်တယ်။ ဒါကြောင့် မိမိအသက်တာကို ပြန်ဆန်းစစ်ပြီး ငါရော မေတ္တာအဆိပ်ခပ်သူလားဆိုတာကို စဉ်းစားဆင်ခြင်ကြည့်နိုင်ဖို့ အချက်(၃)ချက်နဲ့ ဖော်ပြချင်ပါတယ်။

သမ္မာကျမ်းစာထဲမှာပါတဲ့ မေတ္တာအဆိပ်ခပ်သူများအကြောင်းကို ကိုးကားဖော်ပြချင်ပါတယ်။ ပထမဆုံး ဖော်ပြချင်တဲ့အကြောင်းကတော့ ဓမ္မရာဇဝင်ပထမစောင်အခန်းကြီး(၂ နှင့် ၃)မှာပါတဲ့ ယဇ်ပုရောဟိတ်ကြီးဧလိအ

ကြောင်းပဲ ဖြစ်ပါတယ်။ ယဇ်ပုရောဟိတ်ကြီးဧလိက ဘုရားကိုချစ်တဲ့သူ၊ ဘုရားအလုပ်လုပ်တဲ့သူ ဖြစ်တယ်။ ဒါပေမဲ့ သူရဲ့ သား(၂)ယောက်ကိုချစ်တဲ့ပုံစံကတော့ ဘုရားချစ်ခိုင်းတဲ့ပုံစံ ဟုတ်မနေပါဘူး။ ဒါကြောင့်(၁ရာ ၃း၁၃)မှာ "သူသိသော်လည်း ကျပ်တည်းစွာမဆုံးမသောကြောင့် သူ၏အိမ်သားတို့အား အစဉ်အမြဲဒဏ်ပေးမည်"။ (၁ရာ ၂း၃၁)မှာ "သင်၏အမျိုးတွင် အိုသောသူတစ်ယောက်မျှ မရှိစေရ"လို့ပြောရုံမက "သားစဉ်မျိုးဆက်ကလည်း အသက်ပျိုစဉ်သေရမည်။ သား(၂)ယောက်လုံးလည်း တစ်နေ့ချင်းတွင် သေရမည်"လို့ ဘုရားသခင်ကမိန့်မြွက်ပြီး မိန့်မြွက်တဲ့အတိုင်းဖြစ်လာပါတယ်။ ဒါတင်မက သားစဉ်မြေးဆက်ဟာ ဘုရားရဲ့အမှုကိုတောင်ဆောင်ရွက်ခွင့်မရဘဲ တောင်းစားရမယ့်သူအဖြစ်ပါ ရောက်ရှိစေပါတယ်။ ဖခင်ဖြစ်တဲ့ ဧလိရဲ့ကျပ်တည်းစွာမဆုံးမခြင်း၊ သားတွေအပေါ် လျစ်လျူရှုထားခြင်းက ဖခင်ဖြစ်သူကိုယ်တိုင် သားများကို မေတ္တာအဆိပ်ခပ်လိုက်ခြင်းပင်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ကျွန်မတို့ကို ဘုရားအပ်ပေးထားတဲ့သား သမီးများ၊ တပည့်များအပေါ် ကျပ်တည်းစွာမဆုံးမခြင်းက သူတို့ကို မေတ္တာအဆိပ်သင့်စေပါတယ်။

ဒုတိယဖော်ပြချင်တဲ့အကြောင်းကတော့– ကမ္ဘာဦးကျမ်းအခန်းကြီး(၂၇)မှာပါတဲ့ မိခင်ရေဗက္ကာက သားအမွှာနှစ်ယောက်ဖြစ်တဲ့ ဧသောနှင့်ယာကုပ်ကို မှန်ကန်စွာမချစ်တတ်ခြင်းကလည်း မေတ္တာအဆိပ်ခပ်ခြင်းကို ဖြစ်စေပါတယ်။ သားဦးဧသောရဲ့ ကောင်းချီးကို သားငယ်ယာကုပ်က လိမ်ညာလှည့်ဖြားပြီး ရယူစေခဲ့တဲ့အတွက် အဖိုးအခအဖြစ် ယာကုပ်က ပြန်လည်ပေးဆပ်ရပါတယ်။ ဒါကတော့ ညီအစ်ကိုချင်းကြား မုန်းတီးမှုနဲ့ အသေသတ်ခြင်းကိုဖြစ်စေပြီး ယာကုပ်က ထွက်ပြေးခဲ့ရတယ်။ ဒါတင်မက လိမ်ညာလှည့်ဖြားခြင်းကို (၁၀)ကြိမ်ထက်မနည်း၊ နှစ်ပေါင်းများစွာ သူချစ်တဲ့မိန်းမကိုရဖို့အတွက် ပေးဆပ်ခဲ့ရပါတယ်။

ဒီမှာတင်လည်း မပြီးသွားဘဲ ယာကုပ်က သူကိုယ်တိုင်ပါ မသိလိုက်ဘဲ မေတ္တာအဆိပ်ခပ်သူဖြစ်လာခဲ့ပါတယ်။ သား(၁၂)ယောက်ကို တန်းတူညီမျှမချစ်ဘဲ သူပိုချစ်တဲ့မိန်းမ ရေဗက္ကာကရတဲ့ သားယောသပ်ကိုပိုချစ်ပြီး အခွင့်အရေးပိုပေးခဲ့တဲ့အတွက် ယောသပ်ဟာ အစ်ကိုတွေရဲ့မုန်းတီးမှု၊ ရန်လိုမှုကိုခံရပြီး ရောင်းစားခြင်းခံရပါတယ်။ ဒါက မေတ္တာမှာ မှန်ကန်စွာမချစ်ဘဲ ခွဲခြားချစ်ခြင်းနှင့် အခွင့်အရေးညီတူမျှတူမဖြစ်ခြင်းက မေတ္တာအဆိပ်ခပ်ခြင်းကို ကျူးလွန်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ကျွန်မတို့ရော ဘုရားပေးအပ်တဲ့ သားသမီး၊ တပည့်များအပေါ် ခွဲခြားစွာချစ်ပြီး အခွင့်အရေးမညီမျှစွာပေးခြင်းက သူတို့ကို မေတ္တာအဆိပ်သင့်စေပါတယ်။

တတိယဖော်ပြချင်တဲ့အကြောင်းကတော့– တရားသူကြီးအခန်းကြီး(၁၃)မှာပါတဲ့ ရှန်ဆုံရဲ့ မိခင်ဖခင်တို့အကြောင်းပဲ ဖြစ်ပါတယ်။ ရှန်ဆုံရဲ့ ဖခင်မာနော်ရဲ့ ဇနီးသည်ဟာ သူတို့ရဲ့လမ်းညွှန်မှုတာဝန်ယူမှုပြုရတဲ့ ရှန်ဆုံအပေါ်မှာပျက်ကွက်ခြင်းက မေတ္တာအဆိပ်သင့်ခြင်းကို ဖြစ်စေပါတယ်။ ကောင်းကင်တမန်က ရှင်းလင်းစွာနဲ့ ရှန်ဆုံကို မှန်ကန်စွာပြုစုပျိုးထောင်နိုင်ဖို့ လမ်းညွှန်မှုပေးခဲ့ပါတယ်။ အမိဖြစ်သူရော အဖဖြစ်သူကိုပါ ရှန်ဆုံသည် နာဇရိလူဖြစ်ရမည်၊ စပျစ်ရည်မသောက်ရ၊ မစင်ကြယ်သောအစားအစာ မစားရ၊ မွေးကတည်းက နာဇရိလူဖြစ်ဖို့ မိန့်မှာခဲ့ပါတယ်။ ဒါကို မိန်းမယူဖို့ ရှန်ဆုံက လုပ်ဆောင်တဲ့အခါမှ ပွဲလုပ်ခြင်း၊ စပျစ်ရည်သောက်ခြင်း၊ မစင်ကြယ်သောအရာစားခြင်း(သူသတ်ထားတဲ့ ခြင်္သေ့ထဲကပျားရည်ကိုစားခြင်း)နဲ့ နောက်ဆုံး လုံးဝဆံပင်မညှပ်ရမှာကို ညှပ်ခြင်းအားဖြင့် (တောလည်ရာ ၆း၁–၆)မှာပါတဲ့ နာဇရိလူဖြစ်ရမယ့်အရာများကို ပျက်ကွက်ခဲ့ပါတယ်။ ရလဒ်ကတော့ ရန်သူဖိလိတ္တိလူများကို နိုင်ရမည့်အစား ဘုရားလူဖြစ်ပေမဲ့ အရှက်ကွဲခြင်းနဲ့ မျက်စိဆုံးရှုံးရခြင်းကို ခံရရုံမက နောက်ဆုံး အသက်ပါပေးဆပ်လိုက်ရပါတယ်။ ဒါက "ဘုရားလူ"ဖြစ်ဖို့ လမ်းညွှန်မှုပျက်ကွက်တဲ့အခါမှာ "အလကားလူ" အဖြစ်ရောက်ရှိတာ တွေ့ရပါတယ်။

ဒီနေ့ ကျွန်မတို့တွေကို ဘုရားသခင်အပ်ပေးတဲ့ သားသမီးများအပေါ်၊ တပည့်များအပေါ်လမ်းညွှန်မှု သေချာစောင့်ရှောက်ပြုစုမှု ပျက်ကွက်ခြင်းကလည်း မေတ္တာအဆိပ်ခပ်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ကျွန်မတို့တွေ မေတ္တာအဆိပ်ခပ်သူများမဖြစ်ဖို့အတွက် မိမိအသက်တာများကို ပြင်ဆင်ကြရအောင်။

**ကိုးမေ**

မျက်နှာဖုံးဒီဇိုင်း
– ဂျိုနသန်

စီစဉ်သူစာတည်း
– စိုက်သူ

အတွင်းဒီဇိုင်း
– ညီထွေးကလေး

အယ်ဒီတာ
– မှုမှုဝင်း

စာစီစာရိုက်
– မိုးမျိုးချစ်



# ငွေ နှံ့ အချိန်

## Money and time

"The biggest difference between money and time: You always know how much money you have, but you never know how much time you have." The meaning of Life (fb)

“သင့်ဆီမှာ ငွေဘယ်လောက်ရှိတယ်ဆိုတာကို သင်သိနိုင်ပေမဲ့ သင့်မှာ အချိန်ဘယ်လောက်ကျန်သေးလဲ ဆိုတာကိုတော့ ဘယ်တော့မှသိနိုင်မှာမဟုတ်ဘူး။ ဒီအရာဟာ ငွေနဲ့အချိန်တို့အကြားက အကြီးမားဆုံးသော ခြားနားချက်ဆိုတာပါပဲ။ ”

The meaning of Life (fb) ဖော်ပြတဲ့ ခွန်အားဖြည့်စာသားတွေဟာ ကိုဗစ်ကာလထဲမှာ အဓိကခွန်အားယူဖြစ်တဲ့အရာတွေပါ။ ကိုဗစ်ကပ်ရောဂါကြီးဟာ လူတချို့အတွက် ခါးသီးတဲ့အတွေ့အကြုံတွေဖြစ်စေခဲ့ပေမဲ့ တချို့လူတွေအတွက်တော့ သင်ယူစရာတွေ၊ ဆင်ခြင်စရာတွေနဲ့ ပြည့်နှက်နေခဲ့တာပါ။ လူတိုင်းအတွက်လည်း ကြီးမားတဲ့သင်ခန်းစာတွေ ဖြစ်ခဲ့ပါတယ်။ ခုတလော ဖတ်ရတာ လေးတဲ့စာတွေမရေးဖြစ်ပေမဲ့ စိတ်ကိုလေ့ကျင့်ပေးတဲ့ ဆင်ခြင်ဖို့စာတွေရေးရတာ ပိုပြီးစိတ်ပါခဲ့တယ်။

ငွေနဲ့အချိန်ဆိုတာ လူတိုင်းအတွက် အချိန်တိုင်းမှာ ထိတွေ့နေရတဲ့အရာတွေပါ။ အသက်တွေရလာတာနဲ့အမျှ ငွေနဲ့အချိန်အကြောင်းကို ပိုပြီးဆင်ခြင်မိတယ်။ ငွေရှိတဲ့နေရာကိုသွားပြီး အိုးပစ်အိမ်ပစ်လိုက်ရှာတာနဲ့ ငွေကိုကိုယ့်ဆီရောက်အောင် ဘယ်လိုဖန်တီးလုပ်ရသလဲဆိုတာတွေကို ဆင်ခြင်နေခဲ့တယ်။ ငွေကိုလိုက်ရှာရခြင်းနဲ့ ငွေကိုယ့်ဆီရောက်လာအောင် ဖန်တီးရခြင်းအကြောင်းကိုလည်း ခွဲခြားနားလည်လာတယ်။ အချိန်တွေဆိုတာလည်း အလကားရတယ်ထင်ရပေမဲ့ အလွန်တန်ဖိုးကြီးတဲ့အရာဆိုတာကို အသက်တွေကြီးလာလေ ပိုပြီးနားလည်ရလေပါ။ ဖြုန်းမိတဲ့အချိန်တွေရှိခဲ့သလို အချိန်ဆိုတာကို အရင်းအနှီးလုပ်လို့ရတယ်ဆိုတာကို တစ်နေ့ပြီးတစ်နေ့ ပိုသဘောပေါက်လ ာတယ်။

ခုတလော “အချိန်ဆိုတာ မြစ်တစ်စင်းနဲ့တူတယ်။ သင်ဟာ မြစ်တစ်စင်းက စီးသွားတဲ့ရေကို နှစ်ကြိမ်ထိခွင့်မရနိုင်ဘူး။ အဘယ်ကြောင့်ဆိုသော် စီးဆင်းသွားပြီးတဲ့ရေဆိုတာ နောက်တစ်ကြိမ် သင့်ကိုဖြတ်ပြီး စီးသွားမှာမဟုတ်တော့လို့။ ဘဝဆိုတာက ပျော်ရွှင်အောင်နေတတ်ဖို့ပါပဲ။”

Time is like a river, you can not touch the same water twice, because the flow that has passed will never pass again. Enjoy every moment of your life.

ခုတလောဆိုတဲ့ စကားလေးကြောင့် ကိုယ့်မှာရှိတဲ့အချိန်လေးကို ဘယ်လိုအသုံးပြုရမလဲဆိုတာကို နားလည်လာတယ်။

နောက်ပြီး “ဘဝတွေမှာ တန်ဖိုးရှိပြီး အခမဲ့ရတဲ့အရာတွေ အများကြီးပါ။ ထွေးပွေ့ခြင်း၊ အပြုံး၊ မိတ်ဆွေတွေ၊ မိသားစု၊ အနမ်း၊ အိပ်နိုင်စားနိုင်ခြင်း၊ ချစ်ခြင်း၊ ရယ်မောခြင်း၊ အမှတ်တရတွေအများကြီးပါ”ဆိုတဲ့စကားဟာလည်း ကိုယ့်ကိုခွန်အားဖြစ်စေခဲ့တယ်။

The best things in life are free. Hug, smiles, friends, family, kisses, sleep, love, laughter, good memories.

ဒီအရာတွေကို တန်ဖိုးထားသူတွေအတွက် အလွန်တန်ဖိုးရှိပြီး တန်ဖိုးမထားသူအတွက်ဆိုရင်တော့ အကျိုးရှိမှာမဟုတ်ပါဘူး။

ဘယ်လိုပဲပြောပြော ငွေဆိုတာ ရှာနိုင်သေးသလောက် ဘယ်လောက်ရှိလာမယ်ဆိုတာကို သိနိုင်ပေမဲ့၊ ကိုယ့်မှာ အချိန်ဘယ်လောက်ကျန်သေးသလဲဆိုတာကို ဖြေနိုင်တဲ့သူဆိုတာ လောကမှာမရှိနိုင်ဘူးဆိုတာကို နားလည်လက်ခံနိုင်သူဟာ ဉာဏ်အမြော်အမြင်ရှိတဲ့သူပါ။ ကိုယ်တို့ရဲ့ ကျန်နေသေးတဲ့အချိန်တွေကိုသတိထားပြီး ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းဖို့လိုတယ်ဆိုတာကို တန်ဖိုးထားသူတစ်ယောက်အတွက် ဒီအရာထက်အဓိပ္ပာယ်ရှိတာ ဘာတွေရှိသေးလို့လဲ။

**နီးကို၏စာစုများ**

# အတ္တုပါဒါန်

စိုက်သူ

"ငါ့ကိုဘာထင်နေလဲ၊ ငါ့ကိုဒီလိုလာမကျောနဲ့၊ ငါကနောကျေနေပြီးသား၊ ငါ့အကြောင်းသိသွားမယ်၊ ဘာမှတ်နေလဲ၊ ငါ့ကိုဒီလိုလာသွေးတိုးစမ်းလို့ရမယ်များ ထင်နေလား"။

ကျွန်တော်နေထိုင်ရာ ရပ်ကွက်ထဲက ဒေါ်မြမေရဲ့စကားသံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲကလူများဟာ လက်လုပ်လက်စားနဲ့လခစားတွေမို့ ဆင်းရဲနွမ်းပါးကြတယ်။ အဆင်မပြေတဲ့သူတိုင်းက ဒေါ်မြမေနဲ့မကင်းနိုင်ကြဘူး။ အရေးအကြောင်းဆိုသူ့ဆီပြေးကြရတယ်။ ရပ်ကွက်ထဲမှာ သူ့ကို"မမ"လို့လည်းခေါ်ကြတယ်။ သူ့နာမည်က မြမေဆိုတော့ "မမ"ဆိုပြီး နာမည်ပြောင်နဲ့ခေါ်ကြတယ်။ "မမ"ဆိုမသိတဲ့သူ မရှိသလောက်ပဲ။ ဒေါ်မြမေဟာရပ်ကွက်ထဲမှာ နေ့ပြန်ပေး၊ လပေးနဲ့ ငွေတိုးချေးပါတယ်။ အဝတ်အစားအသုံးအဆောင်တွေကိုလည်း နေ့ပြန်တိုးနဲ့ပေးတယ်၊ ဒါကြောင့်ဒေါ်မြမေက တခြားလူတွေထက်ပို အဆင်ပြေတယ်။ သူ့လည်ပင်းမှာ ဆွဲကြိုးကအတုတ်ကြီး။ သူ့မျက်နှာထားကလည်း အင်မတန်တင်းမာလှတယ်။ မတတ်သာလို့သာ ဆက်ဆံနေကြရပေမဲ့သူ့ကို အားလုံးက မေတ္တာစေတနာမရှိကြဘူး။ လူတွေက သူ့ကိုဆိုမပေါင်းချင်၊ မာရေကျောရေ ပြောဆိုဆက်ဆံတတ်တဲ့ သူ့လေသံကြောင့် ကျွန်တော်လည်း သူ့ကိုမကြိုက်ပါ။ ဒေါ်မြမေဟာ အမြဲတမ်း ငါ့အိမ်၊ ငါ့ဥစ္စာ၊ ငါ့သမီး၊ ငါ့သား၊ ငါ. . ငါ. . ငါစွဲတွေနဲ့"ငါ"မာနတက်နေတတ်တယ်။ ဒေါ်မြမေတစ်ယောက် "ငါ"ဆိုသော မာန်မာနတံခွန် တလူလူလွှင့်ထူပြီး လူတကာချဉ်ဖတ်ဖြစ်နေရင်လည်း သူနောင်တမရခဲ့ပါဘူး။ သူ့ပိုက်ဆံပြန်ရဖို့အတွက်ဆိုသူဘာပဲလုပ်ရလုပ်ရ၊ ဘယ်လိုပဲ အော်ရ၊ ငေါက်ရ။ သူ့အတွက်ကအပန်းမကြီး။ ဒီလိုနဲ့ တစ်နေ့တော့ ဒေါ်မြမေတစ်ယောက် သူများသတ်လို့ အနိစ္စရောက်ပါလေရော။ ငါတကောကောနေတဲ့ မြမေတစ်ယောက် ဝဋ်ကျွတ်သွားတာပဲလို့ ပတ်ဝန်းကျင်ကဆိုကြတယ်။ သူ့သားသမီးတွေကလည်း အဝေးမှာရောက်နေကြလို့ မလာနိုင်။ ဆွေမျိုးသားချင်းတွေနဲ့လည်း ရန်ဖြစ်ထားလို့ မခေါ်ကြမပြောကြ။ ဘေးပတ်ဝန်းကျင်ကလည်း ဘယ်သူမှ လုပ်ကိုင်မပေးချင်ကြဘူး။ သူသက်ရှိထင်ရှားရှိစဉ် သူ့ဆီကချေးငှားပြီး ပူးကပ်ဖားယားနေသူတွေလည်းကြက်ပျောက်ငှက်ပျောက်။ သူ့နာရေးအသုဘချတော့ အသင်းတော်ကလူစု၊ လူခေါ်ပြီး ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြရတယ်။ သူ့ဘဝရဲ့နောက်ဆုံးခရီးက မလှခဲ့ဘူး။ အလောင်းကို မီးစက်ထဲထည့်ချိန်မှာလည်း'ဘယ်သူကြည့်ဦးမလဲလို့'မေးပေမဲ့ ဘယ်သူမှ အရေးတယူလာကြည့်ပြီး ဂါရဝပြုနှုတ်ဆက်တာမတွေ့ရဘူး။ စက်ခေါင်းတိုင်ကထွက်သွားတဲ့ မီးခိုးငွေ့တွေကိုကြည့်ပြီး သူ့အသံ၊ သူ့ပုံရိပ်တွေကို ကျွန်တော်မြင်ယောင်နေမိတယ်။

လူတွေဟာ မမြဲတဲ့အနိစ္စတရားကို ယေဘုယျအားဖြင့်သိနားလည်ကြတယ်။ အဲဒီလိုပဲ ငါစွဲမာန၊ ငါစွဲအတ္တဟာ မကောင်းမှန်းလည်း သိကြတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ဘဝမှာတော့ကိုယ်စီကိုယ်ငှ အတ္တမာနလေးတွေနဲ့ လက်မထောင်တတ်ကြတယ်။ ငါဘာကောင်လဲ၊ ငါဘယ်လိုလူလဲ၊ ငါ့လိုတော်တဲ့သူ၊ တတ်တဲ့သူမရှိဘူးဆိုပြီး ကာယ၊ ဝစီ၊ မနော သုံးပါးစလုံးအားဖြင့် ပြောမိ ပြုမိတတ်ကြတယ်။ လှတဲ့သူက ငါလှတယ်ဆိုပြီး အလှမာန်တက်တယ်။ ပညာတတ်သူကလည်း ငါကပညာတတ်ကွဆိုပြီး ပညာမာန်တက်တယ်။ ရာထူး၊ ဂုဏ်ထူးရှိသူကလည်း ငါကအရာရှိကွ၊ ငါ့အမျိုးကမြတ်တယ်ဆိုပြီး ဂုဏ်မာန်တက်တယ်။ ငွေကြေးဥစ္စာ ပြီးပြည့်စုံတဲ့သူကလည်း ငါက သူ့ထက်ပိုချမ်းသာတယ်ကွဆိုပြီး ဓနမာန်တက်တယ်။ ယုတ်စွအဆုံး ဘာမှမရှိတဲ့သူကလည်း နတ္ထိမာန်တက်တယ်။ "ငါက ဘာမှမရှိတဲ့သူ၊ ဘယ်သူမှလည်း ငဲ့စရာမလိုဘူး၊ ဘာဂရုစိုက်ရမှာလဲကွ၊ ငါးပိချက်နဲ့ဝက်သား လဲပစ်လိုက်မယ်"စသဖြင့်အလကားမာန်တွေ တက်နေတတ်ကြတယ်။ ငါမာန်တက်လေလေအသိဉာဏ်နဲ့ ဆင်ခြင်တုံတရား ကင်းမဲ့လေလေပဲဖြစ်တယ်။ ငါဆိုတဲ့အတ္တမာန်မာနဟာ ကိုယ်တိုင်အတွက်လည်း အကျည်းတန်ကာပုလောင်ရသလို သူတစ်ပါးအတွက်လည်း အကျည်းတန်ကာ ပုလောင်စေပါတယ်။ တကယ်တော့ လောကကြီးမှာ ငါတော်တဲ့အရာတွေရှိသလို ငါမတော်တဲ့အရာတွေလည်း အများကြီးရှိတယ်။ ငါတတ်တဲ့အရာတွေရှိသလို ငါမတတ်တဲ့အရာတွေလည်း ရှိတယ်။ ငါသိတာရှိသလို ငါမသိတာလည်းရှိတယ်ဆိုတဲ့ ဆင်ခြင်တုံတရားဟာ ကျွန်တော်တို့ကို ငါမာန်တက်ခြင်းကနေ ထိန်းချုပ်ပေးပါတယ်။ ငါမသိတာကို ငါသိတယ်။ ငါမတတ်တာကို ငါတတ်တယ်ဆိုတဲ့သူတွေဟာ ငါစွဲမာနကို မထိန်းချုပ်နိုင်သောသူတွေဖြစ်တယ်။

ဆိုကရေးတီကပြောတယ်။ ငါသိတာတစ်ခုပဲရှိတယ်။ အဲဒါက ငါဘာမှမသိခြင်းပဲတဲ့။ ဒါကြောင့် လူတိုင်းက ငါ့ဆရာဖြစ်တယ်လို့သူက ဆိုတယ်။ ဆိုကရေးတီဟာ မြက်ထမ်းသမားဆီကနေလည်းသင်ယူတယ်။ ဖိနပ်ချုပ်သမားဆီကနေလည်း သင်ယူတယ်။ ကျွန်တော်တို့ငယ်ငယ်က ကျောင်းမှာသင်ခဲ့ဖူးတဲ့ ရှင်မဟာသီလဝံသဆရာတော်ရဲ့ ကဗျာတွေရှိပါတယ်။ "ငါသာငါထက်၊ မာန်မတက်နှင့်၊ အထက်နေမင်း၊ လေးကျွန်းချဉ်းလည်း၊ သုံးကျွန်းလင်းခိုက်၊ တစ်ကျွန်းမိုက်၏"လို့ ငါသမားတွေအတွက် စပ်ဆိုခဲ့ပါတယ်။ အဲဒီလိုပဲ

မြန်မာစာထဲမှာသင်ရတဲ့ ကဗျာစာဆိုအကျော် ရှင်မဟာရဋ္ဌသာရဟာ ငယ်စဉ်က အလွန်ပညာမာန်တက်ပြီး ငါသိတယ်၊ ငါတတ်တယ် ဆိုပြီး ထောင်လွှားတက်ကြွဖူးတယ်လို့ဆိုတယ်။ ကြီးလာတဲ့အခါ သူနောင်တတရားရပြီး ကိုးခန်းပျို့နိဂုံးမှာ အခုလိုရေးသားခဲ့တယ်။ ''ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျို၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ပေါက်လွန်မိ၊ ဒေါသရှိလည်း၊ နောင်ပြီး တစ်ခါ၊ သည်အရာကို၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်း မာန်လျှော့၊ ငါကန်တော့သည်၊ မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍၊ အရှင်တကာ၊ သည်းခံပါလော့''ဟု စပ်ဆိုခဲ့ပါတယ်။

လူရယ်လို့ဖြစ်လာရင် ငါဆိုတဲ့အစွဲဟာ လူတိုင်းမှာ အနည်းနဲ့အများ ရှိပါတယ်။ ငါ့မှာ ငါစွဲမရှိဘူးလို့ပြောတဲ့သူဟာ မုသားစကားပြောခြင်းသာ ဖြစ်ပါလိမ့်မယ်။ ပြင်ပစာပေတွေကို လေ့လာတဲ့အခါ **ငါ သုံး ငါ** ရှိတယ်လို့ ဆိုတယ်။ တစ်နည်းပြောရရင် ငါစွဲ သုံးမျိုးပေါ့။ ပထမ ငါ က (ဒိဋ္ဌိငါ) လို့ခေါ်တဲ့ အတ္တငါ ဖြစ်ပါတယ်။ တငါငါနဲ့ စွဲလမ်းနေမှုကို ပြောတာပါ။ ငါသွားတယ်၊ ငါလာတယ်၊ ငါပြောတယ်၊ ငါဆိုတယ်၊ ငါနေတယ်၊ ငါထိုင်တယ်၊ ငါချစ်တယ်၊ ငါမုန်းတယ်စသဖြင့် ငါစွဲစွဲနေခြင်းကိုပြောတာဖြစ်ပါတယ်။ ဒါ ငါ့ဟာလို့ တိတိကျကျမယ်မယ်ရရ ထောက်ပြစရာဘာမှမရှိဘဲနဲ့ တငါငါစွဲလမ်းနေမှုကို ဒိဋ္ဌိငါလို့ ခေါ်ပါတယ်။

ဒုတိယ ငါက(အဟံငါ)လို့ခေါ်တဲ့ မာနငါ ဖြစ်ပါတယ်။ ငါဆိုမှငါ၊ ထောင်လွှားချင်တဲ့ငါ၊ ဆောင့်ကြွားချင်တဲ့ငါ၊ ငါလိုလူ ဇမ္ဗူမှာရှိရိုးလားဆိုပြီး ရင်တကော့ကော့၊ ခေါင်းတမော့မော့နဲ့ လက်မထောင် ခြေဖျားထောက်ပြီးမောက်မာနေတက်တဲ့ ငါကို ပြောနေခြင်း ဖြစ်ပါတယ်။ အဲဒီလို ငါပိုင်ရှင်[illegible]အကောင်သေးစိတ် ကြီးဝင်တတ်တဲ့ ငါမျိုးဖြစ်ပါတယ်။

တတိယ ငါကတော့ တဏှာငါပဲ ဖြစ်ပါတယ်။ အရာအားလုံးကို ရယူသိမ်းပိုက်ချင်တဲ့ ငါ ဖြစ်ပါတယ်။ ငါ့လင်၊ ငါ့သား၊ ငါ့မယား၊ ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့တိုင်၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ကား စသဖြင့် လောဘရမ္မက်လျှမ်းလျှမ်းတက်တတ်တဲ့ငါဟာ တဏှာငါ ဖြစ်ပါတယ်။ တဏှာဆိုတာကတော့ တပ်မက်တယ်၊ စွဲလမ်းတယ်၊ သာယာတယ်၊ လိုချင်တယ်၊ တောင့်တတယ်၊ ကပ်ငြိတတယ်စသဖြင့် အဓိပ္ပာယ်အမျိုးမျိုးနဲ့ပြောဆိုကြပါတယ်။ ဒါပေမဲ့ ဒီစကားလုံးအဓိပ္ပာယ်တွေဟာ တဏှာဆိုတဲ့စကားကနေ တိုက်ရိုက်ဆင်းသက်လာတဲ့ အဓိပ္ပာယ်မျိုးတော့မဟုတ်ပါဘူး။ တဏှာရဲ့သဘာဝအနေနဲ့ သင့်ရာတွေကို ရည်ညွှန်းပြီးပြောကြတဲ့အဓိပ္ပာယ်၊ စကားလုံးဖလှယ်ပြီးတော့ သိလွယ်မြင်လွယ်အောင်ပြောပြတဲ့ စကားရပ်တွေသာဖြစ်ပါတယ်။ တကယ်တော့ တဏှာဆိုတဲ့စကားလုံးကနေ တိုက်ရိုက်ထွက်လာတဲ့ အဓိပ္ပာယ်ကတော့ ''ဆာခြင်း''လို့အဓိပ္ပာယ်ရပါတယ်။ ဆာတတ်တဲ့ သဘောကို တဏှာလို့ခေါ်ပါတယ်။ တဏှာလို့ပြောရင် လူတော်တော်များများက နှာခေါင်းကိစ္စ၊ နှာဘူးကိစ္စလို့ပဲ တွေးထင်တတ်ကြပါတယ်။ အာရုံခံစားမှုတွေကို ဆာလောင်မွတ်သိပ်တဲ့သဘောက တဏှာပါ။ မျက်စိက အဆင်းအာရုံအမျိုးမျိုးကိုဆာတယ်။ နားက အသံအာရုံအမျိုးမျိုးကိုဆာတယ်။ နှာခေါင်းက အနံ့အာရုံအမျိုးမျိုးကို ဆာတယ်။ လျှာကလည်း အရသာအာရုံမျိုးမျိုးကိုဆာတယ်။ ကိုယ်ခန္ဓာကလည်း အထိအတွေ့အာရုံအမျိုးမျိုးကိုဆာတယ်။ စိတ်(မနော)ကလည်း အတွေးအကြံအာရုံအမျိုးမျိုးကိုဆာတယ်။ ဝိညာဉ်ကလည်း သမ္မာတရားရဲ့သဘောကိုဆာတယ်။

လူတွေဟာ အာရုံအမျိုးမျိုးရဲ့ဆာလောင်မှုတဏှာကို ဖြည့်ဆည်းပေးတတ်ကြပေမဲ့ ဝိညာဉ်ရဲ့ဆာလောင်မှုတဏှာကို ဥပေက္ခာပြုထားတတ်ကြတယ်။ မျက်စိကအဆင်းကိုဆာတဲ့အတွက် အဲဒီဆာလောင်မွတ်သိပ်မှုပြေပျောက်စေဖို့ မျက်စိကိုအဆာကျွေးတဲ့အနေနဲ့ ချောမောလှပခြင်းအဆင်းအာရုံအမျိုးမျိုးကို ရှာဖွေတတ်ကြတယ်။ ဥပမာ ရုပ်ရှင်ကြည့်ချင်တယ်။ တီဗီကြည့်ချင်တယ်။ ဟိုဟာဒီဟာ ကြည့်ချင်တယ်။ ချောတဲ့လှတဲ့သူတွေကို ကြည့်ချင်တယ်။ အဲဒီလိုပါပဲ။ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အထိအတွေ့အာရုံ၊ အတွေးအကြံအာရုံ စတဲ့အာရုံအမျိုးမျိုးရဲ့ ဆာလောင်မွတ်သိပ်မှုတဏှာကိုအကြောင်းပြုပြီး အဆာပြေရာပြေကြောင်းအာရုံအမျိုးမျိုးကို ရှာဖွေပေးနေရတဲ့အတွက် အတွင်းနှလုံးသားဝိညာဉ်ရဲ့ ဆာလောင်မွတ်သိပ်ခြင်းကို သတိမရကြတော့ပါဘူး။ အဲဒီလို လောကရဲ့မတည်မြဲခြင်း၊ ဇာတိသဘောရဲ့ဖောက်ပြန်ပျက်စီးခြင်းဆိုတဲ့ အာရုံများရဲ့ဖိစီးနှိပ်စက်မှုတွေကြောင့် ခန္ဓာစိတ်ဝိညာဉ်မှာ စစ်မှန်တဲ့ငြိမ်သက်ခြင်း ချမ်းသာကိုမရနိုင်ကြဘူး။

လူဆိုတဲ့သတ္တဝါက တစ်ယောက်တည်း သီးသန့်သပ်သပ် နေလို့မရပါဘူး။ ပတ်ဝန်းကျင်ကလူအများနဲ့ ပေါင်းသင်းဆက်ဆံကြရတယ်။ ငါ့အိမ်ငါနေတာပဲ၊ ငါ့ထမင်းငါစားပဲ၊ ဘယ်သူ့ကိုဂရုစိုက်ရမှာလဲဆိုပြီး ငါတကောကောလို့မရ။ အတ္တဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ပါတယ်။ ဥပါဒါန်ဆိုတာက အစွဲအလမ်းဖြစ်ပါတယ်။ ဥပဒ်ဆိုတာကတော့ ဘေး၊ ဘေးဒုက္ခပေါ့။ ရှေ့မှာဖော်ပြခဲ့သလိုပဲ။ ဒေါ်မြမေဟာ အင်မတန် အတ္တဥပါဒါန်ကြီးတဲ့သူတစ်ယောက်ဖြစ်တယ်။ အဲဒီအတ္တဥပါဒါန်ကြောင့်ပဲ သူ့ခမျာဥပဒ်ရောက်ပြီး ဘဝန်ဂုံး မလှခဲ့ရှာဘူး။ အဲဒီလိုပဲ စာတန်မာရ်နတ်ဆိုတဲ့ပုဂ္ဂိုလ်လည်း အတ္တဥပါဒါန်ကြီးတဲ့သူတစ်ယောက်ဖြစ်ပြီး ဘုရားနဲ့ပြိုင်ကာ ငါတကောကော လို့ ကောင်းကင်ကနေနှင်ထုတ်ခံခဲ့ရတယ်။ သမ္မာကျမ်းစာထဲမှာတော့ ''အိုနံနက်သားမိုးသောက်ကြယ် သင်သည် ကောင်းကင်ကကျလေပြီတကား။ အပြည်ပြည်တို့ကိုနှိပ်စက်သောသင်သည်၊ မြေတိုင်အောင်ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း ကောင်းကင်ပေါ်သို့ **ငါ** တက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ **ငါ့** ပလ္လင်ကို **ငါ** ချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ **ငါ** ထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ **ငါ** တက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ **ငါ** နေမည်ဟု စိတ်အကြံရှိလေပြီ''လို့ (ဟေရှာယ ၁၄း ၁၂-၁၄)မှာ ဖော်ပြထားပါတယ်။ ဒီကျမ်းပိုဒ်ကို ကြည့်တဲ့အခါ နံနက်သားမိုးသောက်ကြယ်၊ လူစီဖာ၊ စာတန်၊ မာရ်နတ်လို့ နာမည်တွေအများကြီးရှိတဲ့ဘုရားကို ဆန့်ကျင်ပုန်ကန်သူ မာရ်နတ်ဟာ ငါ ခြောက်လုံးအားဖြင့် သူ့ရဲ့ဖြစ်ခြင်းကို ဖော်ပြထား

တာတွေ့ရတယ်။ ကျမ်းစာလေ့လာသူ တချို့ကတော့ ဒီကျမ်းပိုဒ်ဟာ ဗာဗုလုန်နိုင်ငံမှာရှိတဲ့ ရှင်ဘုရင်ကိုပဲ ရည်ညွှန်းတာမဟုတ်ဘဲ စာတန်မာရ်နတ်ရဲ့ စိတ်နေသဘောထားကိုလည်း ရည်ညွှန်းတာဖြစ်တယ်လို့ ဆိုတယ်။ ထို့အတူပဲ ကျမ်းစာထဲမှာ အာရှုရိရှင်ဘုရင်ရဲ့ ထောင်လွှား စော်ကားခြင်းနဲ့ ငါတကောကောခြင်းတွေကြောင့် ဘုရားရဲ့ဆုံးမခြင်း နဲ့စီရင်ခြင်းကို ခံခဲ့ရတယ်။ ငါဆိုတဲ့စိတ်သဘောဟာ မိမိကိုယ်ကို ပထမနေရာထားချင်တဲ့ အတ္တညပါဒါန်ပါ။ အဲဒီ ငါ စိတ်သဘောစွဲ လမ်းခြင်းနဲ့ ငါပဲမှန်တယ်၊ ငါလုပ်တာအမှန်ဆိုတဲ့ အတ္တမာနကို ဘုရားသခင်အင်မတန်ရွံမုန်းပါတယ်။ ဘုရားရဲ့အလိုတော်ကို ဆန့်ကျင်ရာလည်းရောက်ပါတယ်။

မွေးလာကတည်းက စာတန်မာရ်နတ်ရဲ့လက်ထဲမှာရှိနေတဲ့ ကျွန်တော်တို့ဟာ ငါစွဲအတ္တတွေ၊ ငါမာနတွေနဲ့ ငါ ငါ ငါဆိုတဲ့ စိတ်တွေ ပါလာပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ယေရှုခရစ်တော်က အဲဒီ ငါဆိုတာကိုသတ်ပြီး လက်ဝါးကပ်တိုင်မှာ သူတစ်ပါးအတွက် အစေခံပေးဆပ်ခဲ့သလို ကျွန်တော်တို့ရဲ့ ဘဝအသက်တာထဲမှာလည်း ဘုရားစကား နှုတ်ကပတ်တော်သမ္မာတရားနဲ့ ငါအမျိုးမျိုးကို သတ်နိုင်သောသူတွေဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**စိုက်သူ**

## နိုင်ငံတော်သာသနာနှင့် တက်ဘလက်(Tablet)သင်တန်း

ကျေးဇူးတော်ကြောင့် သင်တန်းအား(၂၄-၂၇)၌ ဖွန်လတွင် အောင်မြင်စွာပြုလုပ်ခွင့်ရခဲ့ပါသည်။ ဤသင်တန်းတွင် အသင်းတော်အသီးသီးမှ ဧဝံဂေလိနှင့်ဆပွားတိုးတပည့်တော်တည်ဆောက်ခြင်း၊ အမှုတော်အတွက် သဘောခြင်းတူလုပ်ဆောင်မည့် အသင်းတော်အသီးသီးမှ ဆရာ၊ ဆရာမ(၂၇)ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် နိုင်ငံတော်သာသနာ၊ ယေရှုကိုသိကျွမ်းခြင်း၊ တက်ဘလက်သင်တန်းတို့မှ နည်းစနစ်နည်းဗျူဟာများကို လေ့လာခဲ့ကြပြီး တက်ဘလက်နှင့် လက်တွေ့သက်သေခံထွက် ဝေငှခဲ့ကြပါသည်။ သက်သေခံထွက်ရာတွင် (၂၃၃)ဦးအား သတင်းကောင်းပြောရန် အစပြုချဉ်းကပ်ခဲ့ပါသည်။ (၅၉)ဦးထံ သတင်းကောင်းဝေငှခဲ့ပြီး (၂၆)ဦးက ဖိတ်ခေါ်လက်ခံခဲ့ပါသည်။ ၎င်းတို့အထဲမှ(၂)ဦးအား ဆက်လက်တွေ့ဆုံရန် အဆက်အသွယ်များရခဲ့ပါသည်။ လူတို့သည် ခက်ခဲနေသောအချိန်ကာလတွင် မျှော်လင့်ချက်ကင်းမဲ့လျက်ရှိပါသည်။ ဝမ်းမြောက်ဖွယ်သတင်းကောင်းထံမှ ၎င်းတို့ စစ်မှန်သောမျှော်လင့်ခြင်းကိုရရှိပြီး ခရစ်တော်အား ဆက်လက်သိကျွမ်းလိုကြသည်ကို တွေ့ရပါသည်။

ကြီးမြတ်သောစေခိုင်းမှုကြီး ပြီးပြည့်စုံရန် လှုပ်ရှားလုပ်ဆောင်ရန် အကောင်းဆုံးအချိန်သည် ယခုအချိန်ပင်ဖြစ်ပါသည်။ မိတ်ဆွေ၏အသက်တာ၊ ဘဏ္ဍာနှင့်ဆုကျေးဇူးတို့အား ပါဝင်ဆက်ကပ်ရန် ဖိတ်ခေါ်ပါသည်။

သင်၏လုပ်ဖော်ဆောင်ဖက်. . .

**မိုင်နေနွယ်ဦး**

## နိုင်ငံတော်သာသနာနှင့် တက်ဘလက်(Tablet)သင်တန်း (ဖွန်လ ၁၁ မှ ၁၄ ထိ) မဲဆောက်မြို့

ဘုရားသခင်လမ်းဖွင့်ပေးမှုကြောင့် ကျွန်မတို့(GCM Team)အဖွဲ့အနေနဲ့ ဖွန်လ(၁၁မှ ၁၄ထိ) မဲဆောက်မြို့ (Grace Church) အသင်းတော်တွင် တခြားအသင်းတော်ပေါင်း(၂၃)ပါးမှ သင်းအုပ်ဆရာ/ဆရာမများနှင့် ဧဝံဂေလိအမှုတော်ဆောင် (၃၄)ဦးနီးပါးကို နိုင်ငံတော်သာသာနာ့သင်ခန်းစာနှင့် သင့်လက်ထဲ၌ဘာရှိလဲ? သင်ခန်းစာ၊ တက်ဘလက်(Tablet)နှင့် သတင်းကောင်းဝေငှနည်း နည်းပညာများ၊ ပြုစုပျိုးထောင်နည်းသင်ခန်းစာ၌လည်းကောင်း၊ သင်တန်းတွင် ဆရာတော်ဦးအောင်သက်ညွန့်၊ ဆရာမူးဖော၊ ဆရာအောင်အောင်မြတ်၊ ဆရာမမိုင်ဖြူဖြူအောင်၊ ဆရာမမိုင်နေနွယ်ဦးတို့ ပါဝင်ဆက်ကပ် အစေခံခွင့်ရခဲ့ပါသည်။

သင်တန်းနောက်ဆုံးရက်တွင် လက်တွေ့သက်သေခံထွက်ရာ နေရာ(၅)နေရာသို့ထွက်ပြီး သတင်းကောင်းဝေငှခဲ့ရာ (၈၆)ယောက်သောသူအား သတင်းကောင်းဝေငှပြီး၊ တက်ဘလက်အားဖြင့် ယေရှုရုပ်ရှင်ဇာတ်လမ်းတိုကို (၇၇)ဦးတို့အား ပြသခွင့်ရခဲ့ပါသည်။ ခရစ်တော်ကို ခေါ်ဖိတ်လက်ခံသူဦးရေ(၆၆)ဦးနှင့် ဆက်လက်ပြုစုပျိုးထောင်ခြင်းများလုပ်ဆောင်ရန် (၂၈)ဦး ရရှိခဲ့ပါသည်။ ဘုရားသခင်ရဲ့နိုင်ငံတော်သာသနာ့ထဲတွင် မိတ်ဖက်အသင်းတော်များနှင့် လက်တွဲလုပ်ဆောင်ခွင့်ရခဲ့သောကြောင့် အထူးပင်ကျေးဇူးတော်ချီးမွမ်းရင်း နောက်တန်းမှဆုတောင်းပေးခြင်း၊ အလှူငွေပေးလှူခြင်းအားဖြင့် ပါဝင်ပေးသောလုပ်ဖော်ဆောင်ဖက် သာသနာ့မိတ်ဆွေများအား အထူးပင်ကျေးဇူးတင်ကြောင်း ဤစိန်ခေါ်သံစာစောင်မှတစ်ဆင့် ဖော်ပြလိုက်ပါသည်။

**မိုင်ဖြူဖြူအောင်(GCM)**

# လျှော်ဘေးသင့်ရာဒေသသို့ သွားရောက်ကူညီခြင်း

ဘုရားသခင်၏ပြင်ဆင်ပေးမှုဖြင့် ဧပြီလ(၁၇)ရက်နေ့မှ(၂၁)ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ ဆရာဝန်များနှင့်အတူ လျှော်ဒဏ်သင့်ဒေသများသို့ သွားရောက်အားပေး မေတ္တာပြခွင့်ရခဲ့ပါသည်။ ပထမဦးစွာအနေဖြင့် တောင်ငူမြို့ ပေတောဘန်းတော်ကြီးကျောင်းသို့သွားရောက်ပြီး စစ်ဘေးကြောင့် နေရပ်စွန့်ခွာယာယီခိုလှုံနေကြသူတို့ထံ လည်ပတ်အားပေးခြင်းနှင့်အတူ ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲထုပ်များ ပေးလှူခဲ့ပါသည်။ ထို့နောက် တောင်ငူ၊ နေပြည်တော်ရှိ လျှော်ဒဏ်သင့်အသင်းတော်များသို့ သွားရောက်လည်ပတ်ပြီး၊ လျှော်ဒဏ်ကြောင့်








စိုးရိမ်ထိတ်လန့်နေသောသူများနှင့်အတူ စကားပြောအချိန်ယူ၍ talk therapy အားပေးနှစ်သိမ့်ခြင်း၊ သွားကျန်းမာရေး၊ တစ်ကိုယ်ရေကျန်းမာရေးပညာပေးခြင်း၊ လျှော်ဘေးကြုံတွေ့ရချိန် မည်ကဲ့သို့တုံ့ပြန်ရင်ဆိုင်ရမည်ကိုပညာပေးခြင်းနှင့် အစမ်းလေ့ကျင့်မှု Drill လုပ်ကြပါသည်။ ထို့နောက် မေတ္တာပြသည့်အနေဖြင့် သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာမှုန့်၊ ကိုယ်တိုက်ဆပ်ပြာများကို တက်ရောက်သူတစ်ဦးစီထံပေးဝေခဲ့ပြီး၊ ရေသန့်ပစ္စည်းနှင့် ရေပုံးများကိုလည်း ပေးအပ်ခဲ့ပါသည်။ လျှော်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် အသင်းတော်များသို့လည်း နိုင်သလောက်အားဖြင့် အလှူငွေများပေးလှူ ကူညီခွင့်ရခဲ့ပါသည်။ ထိုကဲ့သို့အခွင့်အရေးများကို ပြင်ဆင်ပေးခဲ့သော ဘုရားသခင်၏နာမ ဘုန်းကြီးပါစေ။








# မြန်မာပြည်ခရစ်တော်၏ သာသနာ့အကျိုးဆောင်အဖွဲ့နှင့်အတူ Singapore Campus Crusade for Christ တို့ ပူးပေါင်းလက်တွဲ၍လုပ်ဆောင်ခဲ့ကြ သော Humanitarian Project အစီအစဉ်များ

**“ထာဝရဘုရားကို ချီးမွမ်းကောင်းသည်ဖြစ်၍ ချီးမွမ်းကြလော့။ စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်စေ၍ သူတို့၏အနာကို ကုတော်မူ၏။” (ဆာလံ ၁၄၇း၁၊၃)**

မြန်မာပြည်သားများကြုံတွေ့နေရသော ဘေးဒုက္ခများမှ လူသားချင်းစာနာထောက်ထားမှုအနေဖြင့် Singapore Campus Crusade for Christ နှင့်အဖွဲ့သည် ဆေးကုသမှုနှင့်ကူညီမှုများပြုလုပ်ရန် မေလ(၁၈)ရက်နေ့မှ (၂၂)ရက်နေ့အထိ နေပြည်တော်နှင့် တောင်ငူရှိ အသင်းတော်များ၊ ယာယီခိုလှုံရေးစခန်းများနှင့် IDP Camp များသို့ သွားရောက်မေတ္တာပြု အစီအစဉ်များလုပ်ဆောင်ခွင့်ကို ဘုရားသခင်ပြင်ဆင်ပေးခဲ့ပါသည်။ ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိအသင်းတော်သို့ သွားရောက်မေတ္တာပြုအားပေးခြင်း၊ သောက်ရေသန့် water pump လက်တွေ့တပ်ဆင်ပြီး၊ နေ့စဉ်သန့်စင်မှုပြုလုပ်ရန်ပညာပေးခြင်း၊ တက်ရောက်လာသူများအား အဖွဲ့များခွဲပြီး ရင်ဖွင့်စကားများနားထောင်ပေးခြင်း၊ နှုတ်ကပတ်တော်ဖြင့်ခွန်အားပေးပြီး ဆုတောင်းပေးခြင်း၊ ဆေးကုသအဖွဲ့မှလည်း ကျန်းမာရေးစစ်ဆေးခြင်းကို လူ(၂၂)ဦးအား ကြည့်ရှုကုသပေးခဲ့ပါသည်။ ထို့နောက် တက်ရောက်သူများအား ဆပ်ပြာမှုန့်တစ်ထုပ်စီ မေတ္တာပြုခြင်းနှင့် အသင်းတော်နှင့် သင်းအုပ်ဆရာတော်အား အလှူငွေပေးလှူခြင်းများ ပြုလုပ်ခဲ့သည်။



မြန်မာပြည်ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့မှ အမှုတော်ဆောင်(၂)ဦး၊ ဆရာဝန်(၁)ဦး၊ ဘာသာပြန်(၁)ဦးနှင့် Singapore Campus Crusade for Christ မှ အမှုတော်ဆောင်(၂)ဦး၊ ဆရာဝန်(၁)ဦး၊ သူနာပြု(၁)ဦး၊ အကြံပေးဆွေးနွေးသူ Counselor (၁)ဦးတို့ ပါဝင်ခဲ့ကြသည်။





ဆေးကုသခြင်း၊ ရေသန့်စက်နှင့် ရေသန့်ပစ္စည်းများပေးလှူခြင်း



မသန့်ရှင်းသောရေမှ ရေသန့် ဖြစ်သွားသည်။





ညနေခင်းပိုင်းတွင် မိသားစု(၁၃၀)ခန့်နေထိုင်နေကြသည့် ယာယီခိုလှုံရေးစခန်းသို့သွားရောက်ပြီး၊ ဆရာဦးစောလုအောင်ဇော်ချိန်မှဦးဆောင်၍ သီချင်းသီဆိုနှုတ်ခွန်းဆက်ခြင်း၊ ဧဝံဂေလိသတင်းကောင်း မိတ်ဆက်စကားပြောကြားခွန်အားပေးပြီး အဖွဲ့မှ မေတ္တာပြုလက်ဆောင်အနေဖြင့် ဆီ၊ ခေါက်ဆွဲထုပ်၊ သွပ်နန်းကြိုးနှင့် ဆာလာအိတ်များကို မိသားစုလိုက်ပေးဝေခဲ့ပါသည်။







ငလျင်ကြောင့် မိသားစုဝင်များသေးဆုံးရသဖြင့် စိတ်ဒဏ်ရာပြင်းထန်စွာခံစားနေရသူတို့နှင့်လည်း တစ်ဦးချင်းအချိန်ယူစကားပြောပြီး၊ သူတို့အား နှစ်သိမ့်ဆွေးနွေးခြင်း၊ ခွန်အားပေးခြင်းနှင့်အတူ ချစ်ခြင်းမေတ္တာတော်ရှင် ဘုရားသခင်၏အရိပ်အာဝါသအောက်၌ခိုလှုံခြင်းဖြင့် မိမိဘဝတို့ကို ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ရန်နှင့် သခင်ယေရှု၌သာ ကျွန်ုပ်တို့မျှော်လင့်ခြင်းနှင့် လက်ရှိဘဝအခြေအနေများမှ လွတ်မြောက်ခြင်းကိုခံစားရနိုင်ကြောင်း နှုတ်ကပတ်တော်ဖြင့် ခွန်အားပေးဆုတောင်းပေးခဲ့ကြပါသည်။

# ကြီးမြတ်သောစေခိုင်းမှုသင်တန်းကျောင်း (New Staff Training) Year 2024 - 2025 ၏သင်တန်းဆင်းပွဲ









**"... ထိုကျောက်ကို အမှီပြုသောသူသည် ရှက်ကြောက်ခြင်းမရှိနိုင်ရာ... " (၁ပေ ၂း၆(ခ)**

ဘုရားရှင်၏ ပို့ဆောင်တော်မူခြင်းကြောင့် ကျွန်မတို့၏ ကြီးမြတ်သောစေခိုင်းမှုသင်တန်းကျောင်း (New Staff Training)Year 2024-2025 ကျောင်း၏ သင်တန်းဆင်းပွဲကို ဇွန်လ(၇)ရက်နေ့တွင် Chiang Mai မြို့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အခြေအနေများမှာ ပြောင်းလဲမှုမြန်ဆန်ပြီး၊ အတည်တကျမရှိသော အခြေအနေဖြစ်သော်လည်း ဘုရားရှင်၏ကွယ်ကာမစခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးပေးခြင်း၊ သခင်ယေရှုခရစ်တော်၏ အစဉ်အတူရှိလျက် ကူညီမစနေခြင်းတို့ကြောင့်သာ ဤသင်တန်းကြီးသည် ဤမျှလောက်ရလဒ်များကိုရရှိကာ ပြီးမြောက်ရခြင်းဖြစ်ပါသည်။

ဤတစ်နှစ်တာလုံးတွင် ဘုရားရှင်ကောင်းကြီးပေးခဲ့သည့် အရာများကို ပြန်လည်ရေတွက်ကြည့်ရာတွင် – အသင်းတော်များနှင့် လက်တွဲပါဝင်ခြင်း၊ တက္ကသိုလ်ကျောင်းနှစ်ကျောင်းတွင် ဧဝံဂေလိနှင့်တပည့်တော်ဖြစ်စေခြင်း၊ လားဟူရွာသို့ တစ်ရက်တာဧဝံဂေလိနှင့် မိတ်သဟာယအစီစဉ်၊ တက္ကသိုလ်ကျောင်းသူ/သားများနှင့် အားသစ်လောင်းသင်တန်း၊ ခရစ္စမတ်နှင့် Valentine's day အစီအစဉ်များအားဖြင့် ဘုရားသခင်၏မေတ္တာတော်နှင့် အကြံအစည်တော်အကြောင်းကို ဝေမျှသက်သေခံခွင့်ရရှိခြင်း၊ အသင်းတော်များ နှင့် မိတ်သဟာယတည်ဆောက်ခြင်းအတွက် အသင်းများဖွဲ့၍ ဘောလုံးကန်ခြင်း၊ Volunteer works များအားဖြင့် Communities များအတွက် ကောင်းကြီးဖြစ်စေခြင်း၊ Jesus Film Project နှင့်အတူလက်တွဲပြီး Online evangelism videos (Digital ministry) ကိုလည်း မြန်မာဘာသာစကားဖြင့် ဘာသာပြန်ပြီးစီးနိုင်ခဲ့ခြင်းအစရှိတဲ့ ဘုရားရှင်ဖွင့်ပေးတဲ့လမ်း/ဘုရားရှင်ဖွင့်ပေးသောတံခါးတို့၌ အသုံးတော်ခံခွင့်ရခဲ့ခြင်းကြောင့် ဧဝံဂေလိသတင်းကောင်းကို တင်ဆက်နိုင်ခဲ့ခြင်း၊ တပည့်တော်ဖြစ်စေခြင်းနှင့်အတူ လူငယ်(၃)ဦးတို့သည် နှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ကြသည်။

ဤသို့သော အံ့သြဖွယ်ရာရလဒ်များကို ရရှိမြင်တွေ့စေကာ၊ ချီးမွမ်းခွင့်ကိုပေးသော ဘုရားရှင်နာမ သာ၍ဘုန်းကြီးပါစေ။ "ပြော၍မကုန်နိုင်သော ဘုရားသခင်၏ဆုကျေးဇူးတော်ကိုအောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း" (၂ကော ၉း၁၅)။

**နော်သဘလေးဝါး (New Staff Training တာဝန်ခံ)**

# ၂၀၂၅–၂၀၂၆ ခုနှစ်၊ ကြီးမြတ်သောစေခိုင်းမှုသင်တန်းကျောင်း New Staff Training ဖွင့်ပွဲ

















**“ပြော၍မကုန်နိုင်သော ဘုရားသခင်၏ဆုကျေးဇူးတော်ကိုအောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း။” (၂ကော ၉း၁၅)**

၂၀၂၅–၂၆ခုနှစ်၊ ကြီးမြတ်သောစေခိုင်းမှုသင်တန်းကျောင်း(New Staff Training)ဖွင့်ပွဲကို မြန်မာပြည်ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့ရုံးချုပ်တွင် ဇူလိုင်လ(၁)ရက်နေ့တွင် ဆက်ကပ်ဆုတောင်းဝတ်ပြုခြင်းနှင့် အစပြုခွင့်ကို ဘုရားရှင်ပေးခဲ့ပါသည်။ ယခုနှစ်အတွက် အချိန်ပြည့်အမှုတော်ဆောင်အဖြစ်ဆက်ကပ်လာသူ ရန်ကုန်မြို့တွင် (၂)ဦးနှင့် ချင်းမိုင်မှ(၁)ဦး၊ စုစုပေါင်း(၃)ဦးကို ဘုရားသခင်ပို့ဆောင်ပေးပါသည်။

ဘုရားသခင်သည် သူ၏သာသနာ့လုပ်ငန်းကို စဉ်ဆက်မပြတ်ကျယ်ပြန့်ဖို့အလို့ငှာ သူကိုယ်တိုင်ပင် ဦးဆောင်လုပ်ဆောင်နေကြောင်း မျက်ဝါးထင်ထင် မြင်တွေ့နေရပါသည်။ လုပ်ဖော်ဆောင်ဖက်များအားလည်း “ဘုရားသခင်၏အလိုတော်သည် လူတိုင်းကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိဖို့”(၁တိ ၂း၄)ဟူသည့် အလိုတော်ကိုဆောင်ရန် ဆက်ကပ်လာသူ(၃)ဦးအတွက် ဘုရားသခင်ထံမှ ခွန်အား၊ တန်ခိုး၊ ဘိသိက်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်၏ အုပ်စိုးတန်ခိုးပေးခြင်းကို အစဉ်ဝန်ခံအသက်ရှင်သူများဖြစ်ရန်နှင့် နည်းပြများအဖြစ်ဆက်ကပ်ကြသည့် ဆရာ၊ ဆရာမများနှင့်အတူ(New Staff Training’s Team)အတွက် ဆုတောင်းသတိရပေးကြပါရန်လည်း မေတ္တာဖြင့်တင်ပြအပ်ပါသည်။

**နော်သဘလေးဝါး (New Staff Training တာဝန်ခံ)**

# STAFF CONFERENCE





အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အဖွဲ့တစ်ဖွဲ့စီမှ မိမိတို့လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များကိုတင်ပြခြင်း




ချင်းမိုင်ရှိ ကျောင်းသားသာသနာသို့သွားရောက်ကြမည့် staff များအတွက် ဆုတောင်းပေးသည်။ ကလေးများ Praise and Worship သီဆိုချီးမွမ်းကြသည်။




Staff Conference ၏ သင်ခန်းစာတစ်ခုစီကို Leadership Team မှ ဦးဆောင်တင်ပြဆွေးနွေးကြသည်။ ချင်းမိုင်ရှိ Staff များက Zoom ဖြင့် ပါဝင်ကြသည်။ အားလုံး ပျော်ပျော်ပါးပါး မေတ္တာ၌ ပေါင်းစည်းကြမယ်။





Conference နောက်ဆုံးနေ့တွင် အဖွဲ့လိုက်တင်ဆက်ခြင်းများ ရှိခဲ့သည်။

















